ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ စနေနေ့၊ (22-7-2006) (၅၀၂၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်–မတူပီ ကတ္တရာလမ်း ၁၀၂ မိုင်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ပခုက္ကူအထိ နေ့ချင်းပေါက်သွားလာနိုင်ပြီဖြစ်သည့်အတွက် စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ မြန်ဆန်ချောမွေ့ နိုင်ငံတော်ကဖန်တီးပေးထားသည့် အခြေအနေကောင်းများကို ချင်းပြည်နယ်မှပြည်သူများက ထိထိရောက်ရောက်အသုံးချ ပြီးသားစုဝင်ငွေတိုးတက်ရေး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးကြိုးစားစားဆောင်ရွက်သွားကြရန် လိုအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မင်းတပ်–မတူပီ ကတ္တရာလမ်း ၁၀၂ မိုင် ဖွင့်ပွဲကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၁

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပြီးစီးသွားသော ချင်းပြည်နယ် မင်းတပ်–မတူပီ ကတ္တရာလမ်း ၁၀၂ မိုင် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၇ နာရီခွဲတွင် ချင်းပြည်နယ် မတူပီမြို့ရှိ လမ်းဖွင့်ပွဲမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှတာဝန်ရှိသူများ၊ မင်းတပ်ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ စုစုပေါင်း အင်အား ၂၀၀၀ ခန့် တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

အင် တာ နက် သ တင်း

ပစိဖိတ်ကျွန်းနိုင်ငံအချို့၌ ဒီရေရောက်သစ်တောများ ပျောက်ကွယ်သွားနိုင်မှု သိပ္ပံပညာရှင်များ သတိပေး

ကွာလာလမ်ပူ ဇူလိုင် ၂၁

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပစိဖိတ်ကျွန်းနိုင်ငံအချို့ရှိ ဒီရေရောက်သစ်တော ထက်ဝက်ကျော်မှာ ပျက်စီးပျောက်ကွယ်သွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

ပစိဖိတ်ကျွန်းနိုင်ငံများရှိ ဒီရေရောက်သစ်တောများထိန်းသိမ်းရန် လိုအပ်ပုံကို သိပ္ပံပညာရှင်များက သတိပေးထားသည်။ (ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတော် ဖွံ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၂-၇-၂၀၀၆
(စနေနေ့)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဘာဝဘေးအန္တရာယ် အလေးထားကာကွယ်

ယခုရက်ပိုင်းအတွင်း ကမ္ဘာ့ဒေသအချို့၌ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြေပြိုခြင်း၊ မြစ်ချောင်းများ ရေကြီးပြီး မြို့၊ ရွာ အများအပြား၌ ရေလွှမ်းမိုးခြင်းများ ဖြစ်ပေါ်ကာ ရေဘေးအန္တရာယ်နှင့် တွေ့ကြုံနေကြရကြောင်း တွေ့မြင်ကြားသိနေရသည်။ အချို့ဒေသများရှိ ကမ်းလွန်ပင်လယ်ပြင်တွင် မြေငလျင်လှုပ်မှုကြောင့် ဆူနာမီရေလှိုင်းများ ရိုက်ခတ်ခဲ့ရာ လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ကြရသည်။

မြန်မာနိုင်ငံတွင် ယခုလပိုင်းမှစ၍ မြောက်ပိုင်းဒေသနှင့် ကမ်းရိုးတန်းဒေသများ၌ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် မြစ်ချောင်းများ ရေကြီးခြင်း၊ ရေလျှံခြင်းများဖြစ်ပေါ်ခဲ့သည်။ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းနှင့် ပဲခူးတိုင်းတို့အတွင်းရှိ မြို့ရွာအချို့တွင် ရေကြီးရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။

မိုးသည်းထန်၍ ရေလွှမ်းမိုးသည့်ဒေသများ၌ လူနေအိမ်အချို့ ရေနစ်မြုပ်ပြီး ရထားလမ်းပိုင်းနှင့် တံတားအချို့ပျက်စီးခဲ့ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ပြီး ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ရွှေ့ပြောင်းနေရာချထားပေးခဲ့သည်။

ဇွန်၊ ဇူလိုင်လများသည် မိုးများသောလများဖြစ်ရာ ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် မြစ်ချောင်းအနီး ဝန်းကျင်ဒေသများတွင် မြစ်ရေကြီးခြင်းများ ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ရေကြီးမှုဖြစ်ပေါ်နိုင်သည့် မြို့ရွာများမှ ပြည်သူများသည် မိမိတို့မြို့ရွာရှိ အခြေခံရေစစ်မျဉ်းအထက် မြစ်ရေတက်ရောက်မှု အမှတ်အသားများကို ဂရုပြုစောင့်ကြည့်ပြီး လိုအပ်သည့် ကြိုတင်ပြင်ဆင်ကာကွယ်မှုများ ပြုလုပ်ကြရမည်ဖြစ်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် မြစ်ရေကြီးခြင်းသတိပေးချက်များအား အလေးထား၍ မြစ်ရေတာပေါင်ရိုးတစ်လျှောက် မပြတ်စစ်ဆေးရန် ရေကင်းများချထားခြင်း၊ သဲအိတ်၊ ကျောက်အိတ်များ စုဆောင်း ထားရှိခြင်း၊ မြို့ရွာရပ်ကွက် ရေဘေးကာကွယ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးနှင့် ကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်းတို့ကို စီမံဆောင်ရွက်ထားကြရမည်ဖြစ်သည်။

ရေကြီးမှုအပါအဝင် အခြားသောသဘာဝဘေးအန္တရာယ်များသည် အချိန်အခါမရွေး ဖြစ်ပေါ်နိုင်သည်ဖြစ်ရာ အစဉ်သတိပြုနေကြရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ခြင်းကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မရှိစေရေးအတွက် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအားလုံးက အချိန်အခါရာသီမလပ် လိုအပ်သည့် ကြိုတင်ပြင်ဆင်ကာကွယ်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်းပွဲကို ဇူလိုင် ၁၆ ရက်တွင် အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာကျော်သူက ဆေးရုံသုံးပစ္စည်းများ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၂)လမ်းနေ ဟာဂျီမ ဒေါ်မေရမ်က ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်မိသားစုက အမေရိကန်ဒေါ်လာ ၃၀၀၀ တန် Life Scope Monitor နှင့် Wheel Chair ဆေးရုံသုံးပစ္စည်းများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)** (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ ရန်ကုန်မြို့တွင်း ပြေးဆွဲပေးမည့် စီအင်န်ဂျီ သဘာဝဓာတ်ငွေ့သုံး ပါရမီတက္ကစီယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ပါရမီတက္ကစီယာဉ်များ ကြည့်ရှုစစ်ဆေး တစ်မိုင်လျှင် ကျပ် ၁၀၀ နှုန်းဖြင့် ပြေးဆွဲပေးမည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် ယနေ့ ညနေ ၅နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေး ခန်းမရှေ့၌ပြသသည့် ဗန္ဓုလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ ရန်ကုန်မြို့တွင်း ပြေးဆွဲပေးမည့် စီအင်န်ဂျီသဘာဝဓာတ်ငွေ့သုံး ပါရမီတက္ကစီယာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဗန္ဓုလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ ရန်ကုန်မြို့တွင်း ဈေးနှုန်းသက်သာစွာဖြင့် ပြေးဆွဲပေးမည့် Hyundai Motor Company မှ ထုတ်လုပ်သည့် Sonata III အမျိုးအစား စီအင်န်ဂျီ သဘာဝဓာတ်ငွေ့သုံး ပါရမီတက္ကစီများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မော်တော်ယာဉ်များကို စီအင်န်ဂျီ ပြောင်းလဲ ပြီးစီးမှုအခြေအနေ၊ ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ယာဉ်စီးခနှုန်း သက်သာစွာဖြင့် စီးနင်းနိုင်ရန် စီစဉ်ထားရှိမှု အခြေအနေ၊ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာနှင့် အဆင်ပြေချောမွေ့စွာ စီးနင်းနိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် မော်တော်ယာဉ်လိုင်းတို့ ပူးပေါင်းစီမံဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက ခရီးသွားပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ ခရီးစရိတ် သက်သာစွာဖြင့် အဆင်ပြေချောမွေ့စွာ စီးနင်းနိုင်ရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက်၊ အထောက်အကူ ဖြစ်စေရေးအတွက် အလေးထား ဦးစားပေး ဆောင်ရွက်ကြရန် မှာကြားသည်။

ပါရမီတက္ကစီယာဉ်များ၏ ယာဉ်စီးခနှုန်းထားမှာ တစ်မိုင်လျှင် ၁၀၀ကျပ်နှုန်းဖြင့် ဇူလိုင်လ ၂၃ရက် နံနက် ၆နာရီမှ စတင်၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ ပါရမီအဝေးပြေးယာဉ် ရပ်နားစခန်းမှ ထွက်ခွာပြေးဆွဲပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်အား အိန္ဒိယကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၁

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဇူလိုင် ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ အိန္ဒိယနိုင်ငံ Software Technology Parks of India(STPI) မှ ညွှန်ကြားရေးမှူးချုပ် Mr. S.N.Zindal ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးကျော်ညွန့်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးနှင့်တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ အိန္ဒိယနိုင်ငံကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် သတင်းအချက်အလက် နည်းပညာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုလေ့လာရန်လာရောက်ကြခြင်းဖြစ်ပြီး လုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင်ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဦးဆောင်၍ အိန္ဒိယသမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပွဲ တက်ရောက်သည့် တာဝန်ရှိပုဂ္ဂိုလ်များသည် နှစ်နိုင်ငံ သတင်းအချက်အလက် နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများကို ကျယ်ပြန့်စွာ ဆွေးနွေးညှိနှိုင်းကြသည်။ ညပိုင်းတွင် အိန္ဒိယနိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က Royal Kumudaraဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

လေးအိမ်စုကျေးရွာ မင်္ဂလာစာကြည့်တိုက်သို့ တစ်ခေါက်

ချစ်နိုင်(စိတ်ပညာ)

"လောက၌ ခပ်သိမ်းကုန်သော အမွေတို့တွင် ပညာရှိအဆက်ဆက်တို့ထံမှ ရယူအပ်သောစာပေကျမ်းဂန်တည်းဟူသော အမွေသည် အကြီးမြတ်ဆုံးပေတည်း။

ဥစ္စာပစ္စည်း၊ လယ်ယာ ကျွဲနွားစသော အမွေတို့သည် အနည်းငယ်မျှသော လူသတ္တဝါတို့၏ စည်းစိမ် ချမ်းသာကိုသာ ဖြစ်စေနိုင်ကုန်၏။

စာပေကျမ်းဂန်တို့သည်ကား ကမ္ဘာလောကကြီးတစ်ခုလုံး၏ စည်းစိမ်ချမ်းသာကို ဖြစ်စေနိုင်ကုန်၏။"

စံကင်းဆရာတော် (ထေရုပ္ပတ္တိ-၂၂၂ မှ)

လေးအိမ်စုသို့

ရန်ကုန်မြို့မှ အနောက်အရပ်ဆီသို့ တွံတေးတူးမြောင်းအတိုင်း ရေကြောင်းလမ်းဖြင့် လိုက်ပါ၍ တွံတေးတူးမြောင်းဆုံးသွားလျှင် ၂၁ မိုင် ခရီးပေါက်သွားပါသည်။ ထို့နောက် လက်ယာဘက်ရှိ တိုးမြစ်အတိုင်း ဆက်လက် ဆန်တက်သွားပါက ၁၄ မိုင်အကွာရောက်လျှင် အရှေ့ဘက် လက်ယာဘက်ကမ်းပေါ်တွင် အိမ်ခြေ ၁၀၀၀ ကျော်ရှိသော ကရင်ရွာကြီးတစ်ရွာကို တွေ့မြင်ရပါလိမ့်မည်။ စိမ်းစိုသာယာသော ဤရွာသည် လေးအိမ်စုရွာဟု ခေါ်တွင်ပါသည်။

ရေလမ်းခရီး

စာရေးသူတို့ မအူပင်မြို့ ဆိပ်ကမ်းမှ ၂၅-၆-၂၀၀၆(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် တိုးမြစ်အတိုင်း ပဲ့ထောင်စက်လှေလေးတစ်စင်းဖြင့် စုန်ဆင်းခဲ့ကြပါသည်။ လေးအိမ်စုရွာသည် မအူပင်မြို့မှ တိုးမြစ်ရေလမ်းခရီးအတိုင်း ၁၁မိုင်မျှ ကွာဝေးပါသည်။

မိုးရာသီဖြစ်သော်လည်း ထိုနေ့က ရာသီဥတု သာသာယာယာ ရှိပါသည်။ ကောင်းကင်တွင် မိုးသားမိုးတိမ်များ အုံ့ဆိုင်းမှိုင်းညို့နေသော်လည်း တစ်ခါတစ်ရံ မိုးပြေးမိုးဖွဲလေးသာ ရွာချခဲ့ပါသည်။ နေသာချိန်များပြီး လေလည်းငြိမ်ပါသည်။ မိုးသည်းသည်းနှင့် လေပြင်းတိုက်ခတ်နေသော မိုးတွင်းရက်များမှာပင် စာရေးသူ သည် မအူပင်မှ ဖျာပုံသို့ သွားခဲ့ဖူးပါသည်။ ထိုစဉ်က မအူပင်မှ ဖျာပုံသို့ ကားလမ်းမပေါက်သေး။ ကျိုက်လတ်တံတားနှင့် ဂုံညင်းတန်း မြစ်ကူးတံတားကြီးနှစ်စင်းကို တည်ဆောက်နေဆဲဖြစ်ပါ၏။ လေပြင်းတေ့ယမ်းနေပြီး မိုးသည်းသည်းမည်းမည်း အောက်၌ ပဲ့ထောင်စက်လှေကို ဘေးနံမှ ပလတ်စတစ်အကာ ဝါးလိပ်ကလေးချကာ ဘုရားစာရွတ်ဆိုလျက် လိုက်ပါခဲ့သည်။ ကောင်းကင်တစ်ခုလုံး မည်းမှောင်နေသည်။ မိုးသီးမိုးပေါက်များက ကြီးလည်းကြီး စိပ်လည်း စိပ်သည်။ ခက်ခက်ခဲခဲ ရေကြောင်းလမ်းကို ခရီးသွားခဲ့မိပလေဟု နောင်တ မရခဲ့ပါချေ။ထို့ကြောင့် ဇွန်လကုန်ခါနီး မိုးရာသီကာလမှာပင် ယခင် တစ်ကြိမ်ထက် ပိုပြီးသေးငယ်သော ပဲ့ထောင်စက်လှေကလေးဖြင့် ခရီးထွက်လာခဲ့ချေပြီ။

မင်္ဂလာစာကြည့်တိုက်

ယခုတစ်ခေါက်မှာတော့ မိုးဖွဲဖွဲလေးသာ အေးအေးမြမြ ရွာခဲ့ပါသည်။ ရန်ကုန်မှ မအူပင်သို့ မိုင် ၅၀ ကျော် ကားဖြင့်၊ မအူပင်မှ လေးအိမ်စုရွာသို့ လှေဖြင့် ခရီးထွက်ခဲ့သည်။ နံနက် ၅ နာရီ အိမ်မှထွက်လာခဲ့သည်မှာ ၉နာရီမထိုးမီ လေအိမ်စုရွာဆိပ်ကမ်းသို့ လှေကပ်ပေပြီ။ မိမိနှင့်အတူ ဗဟန်း ရွှေတိဂုံဘုရားအရှေ့ဘက်၊ ကရင်ကျောင်းမှ သံဃာတော်တစ်ပါးလည်း အတူပါခဲ့သည်။ လေးအိမ်စုရွာဇာတိ ဦးဝိစိတ္တသာရ(လေးအိမ်စု) ဖြစ်ပေသည်။ ဦးဝိစိတ္တသာရသည် သက်တော်၅၀ ကျော်၊ ဝါတော်၃၄ ဝါရှိလေသည်။ လေးအိမ်စုရွာ၌ "မင်္ဂလာစာကြည့်တိုက်"ဟူသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို စတင်မျိုးစေ့ချ စိုက်ပျိုး တော်မူခဲ့သော သံဃာတော်ဖြစ်ပါသည်။ လေးအိမ်စုကျေးရွာ မင်္ဂလာစာကြည့်တိုက်သည် ယခုအခါတည်တံ့ခိုင်မြဲရုံမျှမက ကျယ်ပြန့်အောင်မြင်လာခဲ့သည်မှာ ၁၄ နှစ်ရှိပေပြီ။ နှစ်စဉ်နှစ်တိုင်း နှစ်ပတ်လည်နေ့ အမှတ်တရ အခမ်းအနားကျင်းပလေ့ရှိသည်။ မကြာမီ ၁၄ နှစ်မြောက် မင်္ဂလာစာကြည့်တိုက် နှစ်ပတ်လည်နေ့ကို စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲများဖြင့် ကျင်းပဦးမည်ဖြစ်လေသည်။ စီမံပြင်ဆင်နေကြသည်။

ခိုင်မာအောင်မြင်

အောင်မြင်နေသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တစ်ခုကို မြေပြင်ကွင်းဆင်းလေ့လာခြင်း၊ ထိတွေ့အားပေးခြင်းနှင့် အခက်အခဲ အဆင်မပြေမှုများရှိပါက ပွင့်လင်းစွာ ဆွေးနွေးအဖြေရှာရန်နှင့် စံနမူနာပြု အတုယူနိုင်ရန် စာရေးသူတို့အဖွဲ့က လေးအိမ်စု ကရင်ရွာကြီးသို့ ဆိုက်ရောက်သွားကြပါသည်။ ကမ်းပေါ်သို့ လှေဦးဆိုက်သည်နှင့် ရပ်ရွာလူကြီးများ၊ ဆရာမကြီးနှင့် ရပ်ရွာလူငယ်မောင်မယ်များ သုံးဆယ်ကျော်ခန့်သည် ဆွေမျိုးများ ရွာပြန်လာသည်ကို ဝိုင်းဝန်းကြိုဆိုသကဲ့သို့ ပြုံးရွှင်လိုက်လှဲစွာ ကြိုဆိုကြပါသည်။ ရွာမှာတယ်လီဖုန်းရှိသည်။ ပြည်ပအထိ အလွယ်တကူ ပြော၍ရသည်။ ဆက်သွယ်ရေး ကောင်းမွန်လှပါတကား။ မိမိတို့လာမည်ကို အားလုံးကကြိုသိထားကြပါသည်။

မိုးရာသီမို့ ရေတက်၍ လမ်းပျက်၊ လမ်းပိတ်သွားသော်လည်း ဆောင်းနှင့် နွေရာသီဆိုလျှင် ရန်ကုန်နှင့် လေးအိမ်စု နေ့ချင်းပြန် ကားဆွဲသဖြင့် သွားရေး လာရေး အထူးလွယ်ကူသည်။ လေးအိမ်စုမှ လှိုင်သာယာကားဂိတ်ဝင်းအထိ ကားခ ကျပ် ၁၀၀၀ ဖြစ်ပါသည်။

ရှေးကသွားလာရေးခက်ခဲ

ရန်ကုန်နှင့် လေးအိမ်စုသည် ရန်ကုန်နှင့် ပဲခူးလောက်ပင် မဝေးသော်လည်း ရှေးကမူ ရေလမ်းတစ်ခုသာ သွားလာဆက်သွယ်နိုင်သဖြင့်သမ္ဗန်များ၊ လှေများဖြင့် ညဥ့်အိပ်ညဥ့်နေ သွားခဲ့ကြရသည်။ သွားရေးလာရေး ခက်ခဲသော်လည်း မအူပင်မြို့နယ် လေးအိမ်စုကျေးရွာသည် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ သမိုင်းအစဉ်အလာကောင်းခဲ့သော အရပ်ဖြစ်သည်။ နယ်ချဲ့က အိမ်ကြက်ချင်းအိုးမဲသုတ်လျက် ခွပ်စေသောကြောင့် မြစ်ဝကျွန်းပေါ်ဒေသအချို့တွင် လူမျိုးရေး အဓိကရုဏ်းတွေ ရှိခဲ့ဖူးသည်။ သွေးမကွဲခဲ့၊ ညီညွတ်ခြင်းသည်သာ အင်အားဖြစ်ကြောင်း ဒေသခံတိုင်းရင်းသားတို့သည် သွေးစည်းခြင်း၊ စည်းလုံးခြင်းကို ပြခဲ့သည်။ ထို့ကြောင့် တို့မီးရှို့မီးလုပ်ခဲ့သော နယ်ချဲ့၏ အကြံအစည်မအောင်ဘဲ မြစ်ဝကျွန်းပေါ်ဒေသသည် အေးချမ်းလုံခြုံရေး တစ်စတစ်စ တိုးတက်လာခဲ့သည်။ ပြည်သူများက သွေးကွဲခြင်း၏ ကြီးမားသော အန္တရာယ်ကို သိမြင်သည်။ငြိမ်းချမ်းခြင်း၊ စည်းလုံးညီညွတ်ခြင်း၏ ကောင်းကျိုးရလဒ်ကို နားလည်သည်။

လေးအိမ်စု

လေးအိမ်စုကျေးရွာတွင် ၁၉၅၄ ခုနှစ်ကပင်စတင်၍ အစိုးရအထက်တန်းကျောင်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင် မြစ်ဝကျွန်းပေါ် ပြည်သူလူထုသည် တပ်မတော်နှင့် လက်တွဲလျက် သောင်းကျန်းဆူပူမှု ဟူသမျှကို ပြည်သူ့စစ်ဖြင့် အမြစ်ပြတ်ချေမှုန်းခဲ့သည်။ ငြိမ်းချမ်းလုံခြုံသွားပြီဖြစ်သဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်မှာ အားလုံးကိုယ်တွေ့မျက်မြင်။ ၂၀၀၄ ခုနှစ်တွင် လေးအိမ်စု အထက်တန်းကျောင်းကြီးသည် နှစ်၅၀ပြည့်ပေပြီ။ ကျပ်သိန်းပေါင်း ၄၀၀ ခန့်တန်သော "ရွှေရတု" ကျောင်းဆောင် နှစ်ထပ်ကျောင်းကြီးကိုပင် ပြည်သူနှင့် နိုင်ငံတော်အစိုးရ ပူးပေါင်းဆောက်လုပ်နိုင်ခဲ့ပြီ။

ပညာတတ်တွေများစွာရှိလာ

အစိုးရကျောင်းဖွင့်ခဲ့သည်မှာ ၅၂နှစ် ကြာခဲ့ပြီဖြစ်သော လေးအိမ်စု ကရင်ရွာကြီး၌ ဘွဲ့ရ ၁၁၅ဦးရှိသည်။ အဝေးသင် တက်ရောက်နေကြသော တက္ကသိုလ်ကျောင်းသား ၆၃ဦးရှိသည်။ တက္ကသိုလ်များတွင်လက်ရှိ တက်ရောက်သင်ယူနေဆဲလေးအိမ်စုရွာသား ၂၀ရှိသည်။ လေးအိမ်စုကျေးရွာအုပ်စုထဲရှိ ကုက္ကိုစုကျေးရွာ၊ သရက်ငူကျေးရွာ၊ တာတပေါ်အရှေ့ကျေးရွာ (လေးရွာပေါင်း) ဘွဲ့ရပုဂ္ဂိုလ်စုစုပေါင်း ၁၈၁ ယောက်ရှိခဲ့ပြီ။ တက္ကသိုလ်အသီးသီးတွင် ပညာသင်နေဆဲက ၁၄၄ ယောက်ရှိနေသည်။ ဝမ်းမြောက်အားတက်ဖွယ်ဖြစ်ပေသည်။

နော်ခင်မျိုးလတ်နှင့် နော်သန်းသန်းခင်

တိုးမြစ်နံဘေးက လေးအိမ်စုရွာကြီးသို့ ကျွန်တော်တို့ ၂၅-၆-၂၀၀၆ (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရောက်ကြသည်။ မင်္ဂလာစာကြည့်တိုက်ကို ဦးစွာပထမသွားရောက်လေ့လာကြသည်။ စာကြည့်တိုက်မှူး နော်ခင်မျိုးလတ်နှင့် နော်သန်းသန်းခင်တို့က ရှင်းပြသည်။ သီလရှင်ဆရာလေး ဒေါ်ဟေမာစာရီက စာကြည့်တိုက်သမိုင်းကိုရှင်းပြသည်။ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစောဝင်းဇော်နှင့် မျက်နှာကြက်အလှူရှင် ဦးစောရွှေဝင်းလှိုင်တို့က စာကြည့်တိုက်အဆောက်အအုံနှင့် ပရိဘောဂများတိုးတက်အောင် ဆောင်ရွက်ခဲ့ကြပုံများကို ပြောပြကြသည်။

ဒေါ်ဟေမာစာရီ

ဆရာလေး ဒေါ်ဟေမာစာရီက သိပ္ပံဘွဲ့ရ (ဓာတုကုန်ထုတ်)ပညာတတ်တစ်ယောက်ဖြစ်သည်သာမက ဒေါ်သန်းသန်းဝင်းဘဝ ကျောင်းသူအရွယ်မှ စတင်၍ စာကြည့်တိုက်ကို သန္ဓေတည်ဖွင့်လှစ်ခဲ့သူဖြစ်သဖြင့် အနာဂတ်မျှော်မှန်းချက်ကို ထက်သန်တက်ကြွစွာရှင်းပြသည်။ ကွန်ပျူတာ ၄-၅ လုံးထားပြီး စီဒီချွမ်များနှင့် အီးစာကြည့်တိုက်အဖြစ် ထူထောင်မည်။ ရန်ကုန်မြို့ရှိ စာပေဗိမာန်မှ E-Library ကို သွားရောက်လေ့လာခဲ့ပြီးပြီ။ မီးစက်၊ ကွန်ပျူတာ၊ စီဒီဓာတ်ပြားစသည်များဖြင့် ခေတ်မီအောင် ဆက်လက်တိုးချဲ့သွားရန် ရည်ရွယ်သည်။ အားကျစရာ၊ လေးစားစရာအကျိုးဆောင် သီလရှင်လေးတစ်ပါးဖြစ်ပေသည်။

Books	-စာအုပ်မျိုးစုံ ၈၀၀၀ ကျော်ရှိသည်-
	စာအုပ်လုံးချင်း ၂၂၀၀ ကျော်
	မဂ္ဂဇင်း ၁၆၀၀ ကျော်
	ဂျာနယ်စုံ ၄၈၀၀ ကျော်
Building	အဆောက်အအုံ-ကိုယ်ပိုင်ပေ၃၀ x ပေ ၄၀ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ တစ်ထပ်၊ကိုယ်ပိုင်မြေ၊ ဆက်ပြီးတိုးချဲ့ဦးမည်။
Budget	ရန်ပုံငွေကျပ် ၉၀၀၀၀ ကျော်ရှိသည်။
	လစဉ်စာအုပ်ငှားခ ကျပ်၂၅၀၀၀ မှ ကျပ် ၃၀၀၀၀ ရသည်။
	လစဉ်စာအုပ်အလှူရှင်က ၂၀ ကျော်ရှိနေသည်။
Borrower	စာကြည့်တိုက် အသင်းဝင် ၁၀၀၀ကျော်ရှိသည်။ နေ့စဉ်စာဖတ်သူ ၆၀ကျော်၊ နေ့စဉ်စာအုပ်ငှားသူ ၅၀ကျော်ရှိသည်။
Brain	စာကြည့်တိုက်မှူး နှစ်ဦးရှိသည်။ ကတ်တလောက်စနစ်ကျင့်သုံးသည်။ ပြန်ကြားရေးရုံးမှာ သင်တန်းတက်ခဲ့ပြီ။ စာကြည့်တိုက်အမှုဆောင်အဖွဲ့ စနစ်တကျရှိသည်။

၁၉၉၂မှာ စတင်ခဲ့

လေးအိမ်စုရွာ စာကြည့်တိုက်သည် ဘီငါးလုံးမူနှင့် အလုံးစုံကိုက်ညီသည်။ ၁၄နှစ်တိုင်တိုင် ခိုင်မာတိုးတက်ခဲ့ခြင်းမှာ ကျေးရွာလူထု၏ အားပေးမှု၊ အားကိုးယုံကြည်စွာ ဖတ်ရှုလေ့လာမှုတို့ကြောင့် ဖြစ်ပေသည်။ စာကြည့်တိုက် ပေါ်ပေါက်လာပုံ နောက်ခံသမိုင်းကို ပြောပြကြသဖြင့် သိရှိရသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဦးဝိစိတ္တသာရနှင့် ဦးပညာသာရ

ဧရာဝတီတိုင်း မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ မင်္ဂလာစာကြည့်တိုက်ကို ဆရာတော်ဦးဝိစိတ္တသာရ (ဓမ္မာစရိယ၊ အဂ္ဂမဟာအကျော်)က ဦးဆောင်၍ ၂၂-၈-၉၂၌ (ဦးစောအုန်းသီး၊ ဆရာမ ဒေါ်ခင်ညွန့်) သမီး နော်သန်းသန်းဝင်းတို့၏ နေအိမ်တွင် ပထမအကြိမ် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ယင်းသို့ဖွင့်လှစ်ရာတွင် ဆရာတော် ဦးဝိစိတ္တသာရနှင့် ဦးပညာသာရ အားအမှူးထား၍ အမှုဆောင် ၂၀၊ အသင်းသား ဦးရေ ၁၄၁ယောက်ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။

စာကြည့်တိုက်၏ အမည်ကိုလည်း (၁)မင်္ဂလာအသင်းက ကြီးမှူးတည်ထောင်သောကြောင့် လည်းကောင်း၊ (၂)မင်္ဂလာ၏အဓိပ္ပာယ်မှာ ကြီးပွားချမ်းသာကြောင်း လမ်းစဉ်ဖြစ်၍ မျိုးဆက်သစ်လူငယ်များ၊ လောကီ၊ လောကုတ္တရာ ကြီးပွားချမ်းသာစေရေး၌ အထောက်အကူဖြစ်စေလိုသောကြောင့်လည်းကောင်း"မင်္ဂလာစာကြည့်တိုက်"ဟု အများသဘောတူ အမည်ပေးခဲ့ကြပါသည်။

စာကြည့်တိုက်စတင်ဖွင့်လှစ်ချိန်၌ စာအုပ်မျိုးစုံ အုပ်ရေ ၅၀၀နှင့် ဗီရို တစ်လုံးသာရှိခဲ့ပါသည်။ စာကြည့်တိုက်ဖွင့်ပြီး နှစ်နှစ်အကြာတွင် အထက်တန်းကျောင်းနှင့်နီးသော ဦးစောဝင်းတင့်-ဒေါ်စန်းမြင့်မောင်တို့၏ နေအိမ်သို့ ၁၉၉၄ခုနှစ်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

ဦးစောဝင်းတင့်၊ ဦးစောဝင်းဇော်

ဦးစောဝင်းတင့်နေအိမ်၌ ၁၉၉၄ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ ဖွင့်လှစ်ပြီးနောက် စာကြည့်တိုက်ကို သီးခြားအဆောက်အအုံအနေဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာမှအလှူရှင်များက စုပေါင်းပြီး ဦးစောဝင်းဇော်က ကြီးကြပ်၍ အလျား ၁၇ ပေ၊ အနံ ၁၆ ပေ၊ ကျယ်ဝန်းသော ၁၆၄၂၃၉ ကျပ်တန်သွပ်မိုး၊ ပျဉ်ကာ အဆောက်အအုံကို ၁၃-၅-၉၆တွင် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ စာကြည့်တိုက်မြေနေရာတွင် ဒေါ်ပန်းမြိုင် မိသားစု (ရန်ကုန်)နှင့် ဦးအေးသောင်မိသားစု(လေးအိမ်စု)တို့က လှူဒါန်းခဲ့ကြပါသည်။ ၁၅-၅-၉၆တွင် စာအုပ်များကို စတင်ငှားရမ်းခဲ့ပါသည်။

ဦးအောင်လင်း

မအူပင်ခရိုင် ပြန်/ဆက်ဦးစီးမှူး ဦးအုန်းသန်း၏ ၂၀၀၁ခုနှစ်တွင် စာကြည့် တိုက်မှတ်ပုံတင်ရန် ကူညီတိုက်တွန်းမှုဖြင့် လေးအိမ်စု အရှင်ဝိစိတ္တသာရ၊ မအူပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်လင်းတို့က ၁၅-၁၂-၂၀၀၁တွင် ဖဲကြိုးဖြတ်၍ ဒုတိယအကြိမ် ထပ်မံဖွင့်လှစ်ခဲ့ပါသည်။ ပြန်ကြားရေးဌာနတွင် မှတ်ပုံတင်ခဲ့ပါသည်။

ဦးအောင်စိုး

ယခုလက်ရှိ မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးတင်ထွေး၊ မြို့နယ်ဦးစီးမှူး ဦးအောင်စိုး၊ စာကြည့်တိုက်မှူး ဦးတင်မောင်ဦးတို့၏ အနီးကပ်ကူညီပံ့ပိုးပေးမှုကြောင့် မင်္ဂလာစာကြည့်တိုက်ကို ကတ်တလောက်စနစ်ဖြင့် ၁၉-၆-၂၀၀၃ တွင် စတင်ငှားရမ်းနိုင်ခဲ့ပြီး ၃၁-၁-၂၀၀၄တွင် မှတ်ပုံတင်နိုင်ခဲ့ပါသည်။

ထိုစဉ်က ဘာသာရေး၊ နိုင်ငံရေးနှင့် စာမေးပွဲအထောက်အကူပြုစာအုပ်များ၊ အတ္ထုပ္ပတ္တိ၊ ရသစာပေ၊ သုတစာပေနှင့် အခြားစာအုပ်များစသည့် စာအုပ်မျိုးစုံ ၁၈၇၆ အုပ်ရှိခဲ့ပါသည်။ထို့နောက် စာအုပ်အရေအတွက်၊ပရိဘောဂနှင့် စာဖတ်သူဦးရေ များပြားလာသည့်အတွက် စာကြည့်တိုက်ကို တိုးချဲ့ရန် လိုအပ်လာပါသဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၏ ပံ့ပိုးကူညီမှု၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရပ်မိရပ်ဖများ၊ လေးအိမ်စုရွာသူရွာသားများ၏ ဝိုင်းဝန်းလှူဒါန်းမှုကြောင့် အလျား ၂၇ ပေ၊ အနံ ၁၈ ပေ ကျယ်ဝန်းသော သွပ်မိုး၊ ပျဉ်ကာ တိုးချဲ့ အဆောက်အအုံကို ၃-၉-၂၀၀၄ တွင် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

ထိုတိုးချဲ့အဆောက်အအုံကို ၂၂-၈-၂၀၀၄တွင် လေးအိမ်စု မဟာသတိပဋ္ဌာန် ကျောင်းတိုက် ဆရာတော် ဦးပညာသာရက ပန္နက်တင်ပေးပါသည်။ ၁၅-၉-၂၀၀၄ တွင် လေးအိမ်စု အရှင်ဝိစိတ္တသာရနှင့် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်တို့က တိုးချဲ့ဆောင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပါသည်။

ယခုအခါတွင် လုံးချင်းစာအုပ်မျိုးစုံ ၂၂၀၀၊ လစဉ်ထုတ်မဂ္ဂဇင်း ၆၀၀ နှင့် ဂျာနယ်၊ စာစောင်မျိုးစုံ ၃၀၀တို့ဖြင့် ငှားရမ်းအသုံးပြုနေပြီ ဖြစ်ပါသည်။ လေးအိမ်စုရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကျောင်းသူ၊ ကျောင်းသား၊ ရွာသူ၊ ရွာသားများ စိတ်ပါဝင်စားစွာ လာရောက်ဖတ်ရှု၊ ငှားရမ်းကြပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ဆန်ခေ့အရွယ် ရေဒီယိုချစ်ပ်ပြားငယ် အိတ်ချ်ပီကုမ္ပဏီတီထွင်ထုတ်လုပ်

လန်ဒန် ဇူလိုင် ၂၀

ဆန်စေ့အရွယ်မျှရှိသော ရေဒီယိုချစ်ပ်ပြားငယ်ကလေး တစ်မျိုးကို ဗြိတိန်နိုင်ငံရှိ ဟျူလက်ပက်ကတ်(အိတ်ချ်ပီ) ကုမ္ပဏီက ပြုလုပ်နိုင်ပြီဖြစ်ကြောင်းဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ထိုချစ်ပ်ပြားငယ်ကလေးကို မီမိုရီစပေါ့ (Memory Spot)ဟု ခေါ်ဆိုထားသည်။ အရွယ်အစား အလွန်ပင်သေးငယ်သော်လည်း မှတ်ဉာဏ်စွမ်းအားမှာ အလွန်မြင့်မားသည်။ ဗီဒီယိုသို့မဟုတ် သီချင်း သို့မဟုတ် စာမျက်နှာပေါင်းများစွာကို ယခုသုံးစွဲနေသော မီမိုရီစတစ်များကဲ့သို့ သိမ်းဆည်းထားနိုင်စွမ်းရှိသည်ဟု ဆိုသည်။ အိတ်ချ်ပီကုမ္ပဏီက ထိုမီမိုရီစပေါ့ကလေးကို ဇူလိုင် ၁၇ ရက်တွင် ထုတ်ဖော်ပြသခဲ့သည်။

ကြည့်ရှုနိုင်

ယင်းမီမိုရီစပေါ့ မှတ်ဉာဏ်အစက်ပေါ်တွင် သိမ်းဆည်းထားသော ဗီဒီယိုသီချင်းနှင့် စာသားများကို အထူးကိရိယာသုံး၍ ပြန်လည်နားဆင်ကြည့်ရှုခြင်း ပြုလုပ်နိုင်သည်။ မီမိုရီစပေါ့ကိုဖတ်နိုင်အောင် သင့်တော်စွာ ပြုပြင်ထားသော လက်ကိုင်ဖုန်း၊ ပီဒီအေခေါ် တစ်ကိုယ်ရေသုံး ဒီဂျစ်တယ်ကိရိယာကိုသုံး၍ နားဆင်ကြည့်ရှုနိုင်သည်။

မီမိုရီစပေါ့သည် ယင်းကိုဖတ်သည့်ကိရိယာတွင် တပ်ဆင်ထားသော ဘက်ထရီကိုပင် သုံးစွဲ၍ အလုပ်လုပ်သဖြင့် ထိုစပေါ့ကို ကြည့်ရှုရန်သီးခြားဘက်ထရီ မလိုအပ်ကြောင်း သိရသည်။

ယခင်က သုံးစွဲနေသော အာအက်ဖ်အိုင်ဒီခေါ် မှတ်ဉာဏ်ပစ္စည်း (RFID) ထက် မီမိုရီစပေါ့က ပို၍မှတ်ဉာဏ်စွမ်းအား ကြီးမားသည်။ မီမိုရီစပေါ့၏ မှတ်ဉာဏ်စွမ်းအားသည် ၃၂ ကီလိုဘိုက်ဒ်မှ ကီလိုဘိုက်ဒ် ၅၀၀ အထိ မှတ်သားနိုင်စွမ်းရှိသည်။ ယင်း၏ဖတ်နိုင်သောနှုန်းထားသည် တစ်စက္ကန့်လျှင် ၁၀ မဂ္ဂါဘိုက်ဒ်ရှိသဖြင့် အလုပ်လုပ်ရာတွင် အာရ်အက်ဖ်အိုင်ဒီထက် ၁၀ ဆမက ပိုမိုမြန်ဆန်စွာ အလုပ်လုပ်နိုင်သည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပေကျင်းလေဆိပ်လမ်းမွမ်းမံပြင်ဆင်

ပေကျင်း ဇူလိုင် ၂၀

တရုတ်နိုင်ငံပေကျင်းမြို့တော်လေဆိပ်သို့ ဆက်သွယ်သော အဝေးပြေးလမ်းကို ဇူလိုင် ၁၆ ရက်ညနေတွင် အကြီးစားပြင်ဆင်မှုကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အဆိုပါ လမ်းကို စတင်ဖွင့်လှစ်ပြီး ၁၃ နှစ်အကြာတွင် ပထမဆုံးပြင်ဆင်ခြင်းဖြစ်ကြောင်း မြူနီစပါယ်အာဏာပိုင်များက ပြောကြားသည်။

လမ်းပြင်ဆင်မှုကို ည ၁၀ နာရီနှင့် နံနက် ၆ နာရီတွင် ဆောင်ရွက်ပြီး ကျန်အချိန်များတွင် လမ်းကို အသုံးပြုနိုင်ကြောင်းနှင့် စက်တင်ဘာ ၂၈ ရက်တွင် လမ်းပြင်ဆင်မှု ပြီးစီးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ပေကျင်းမြို့ လေဆိပ်အသွား အဝေးပြေးလမ်းကို ၁၉၉၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ၁၀နှစ်လျှင် တစ်ကြိမ် ပြင်ဆင်သင့်သော်လည်း အဆိုပါ လေဆိပ်အသွား အဝေးပြေးလမ်းကို ပြင်ဆင်မှုမှာ ၁၃ နှစ်ကြာမြင့်မှ လုပ်ဆောင်ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံ နာဂိုနိုပြည်နယ် အိုကာယာမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သဖြင့် သစ်ပင်များလဲကျနေသည်ကို ဇူလိုင် ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နယူးဇီလန်နိုင်ငံတွင် ကျင်းပသော ဂေါက်သီးရိုက်ပြိုင်ပွဲ၌ လုံခြုံရေး ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ ပန်းချီပန်းပု အနုပညာကျောင်းတွင် သင်တန်းသူ သင်တန်းသားများ လေ့ကျင့်နေသည်ကို ဇူလိုင် ၂၁ရက် က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဥရောပသို့ သွားရောက်မည့် တရုတ်ခရီးသည်များ တိုးမြင့်မည်ဟု မျှော်မှန်းထား

ပေကျင်း ဇူလိုင် ၂၀

ဥရောပနိုင်ငံသံရုံးများတွင် တင်းကျပ်သည့် ဗီဇာမူဝါဒချမှတ်ထားသော်လည်း ယင်းနိုင်ငံများသို့ သွားရောက်လည်ပတ်မည့် တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည်ဦးရေမှာ မြင့်တက်လာမည်ဟု မျှော်မှန်းထားကြောင်း ဆင်ဟွာသတင်းဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

ပေကျင်း ကိုင်ဆာနိုင်ငံတကာ ခရီးသွားလုပ်ငန်းဌာနသည် ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်းဥရောပနိုင်ငံသံရုံးခုနစ်ရုံးမှ ဗီဇာရရှိမှုမှာ ပျမ်းမျှ ၉၇ ဒသမ ၄၃ ရာခိုင်နှုန်းရှိသည်ဟုဆိုသည်။

ယမန်နှစ်ဇူလိုင်လမှစ၍ ဥရောပနိုင်ငံများသည် တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များကို တင်းကျပ်သည့် ဗီဇာမူဝါဒချမှတ်ကျင့်သုံးလျက်ရှိရာ ဥရောပနိုင်ငံများသို့ သွားရောက်လိုသည့် တရုတ်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်အများအပြားမှာ နှောင့်နှေးကြန့်ကြာမှုနှင့် တွေ့ကြုံနေရသည်။

ကမ္ဘာလှည့် ခရီးသည်များအနေဖြင့် မှန်ကန်ပြည့်စုံသည့် လျှောက်လွှာအထောက်အထားများပြနိုင်ပြီးတရားဝင်ခရီးသွားလုပ်ငန်းဌာနများနှင့်ဆက်သွယ်ပါက ဥရောပနိုင်ငံများသို့ သွားရောက်ရေးအတွက် ဗီဇာအဟန့်အတားရှိမည်မဟုတ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

အစ္စရေးနှင့်လက်ဘနွန် တိုက်ခိုက်မှုရပ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

ကုလသမဂ္ဂ ဇူလိုင် ၂၁

အစ္စရေးနှင့် လက်ဘနွန် ပဋိပက္ခအဆုံးသတ်ကာ တိုက်ခိုက်မှုများအမြန်ဆုံးရပ်ဆိုင်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ကြာသပတေးနေ့က မိန့်ခွန်းပြောကြားရာ၌ တိုက်တွန်းလိုက်သည်။

လက်ဘနွန်တောင်ပိုင်းဒေသရှိ နိုင်ငံတကာတပ်ဖွဲ့တစ်ဖွဲ့ စေလွှတ်ရန်လည်း ကိုဖီအာနန်က အဆိုပြုသည်။ အစ္စရေးနိုင်ငံနှင့် ထိစပ်နေသော လက်ဘနွန်နယ်စပ်ဒေသတစ်လျှောက်တွင် လက်ဘနွန်ကြည်းတပ်တပ်ဖွဲ့ဝင်များကို အပြည့်အဝဖြန့်ကြက်နိုင်စေရန် နိုင်ငံတကာတပ်ဖွဲ့ကို စေလွှတ်သင့်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။

သို့ရာတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဒွန်ဂီလာမင်းက ၎င်း၏ နိုင်ငံသည် ရည်မှန်းချက်များပေါက်မြောက်သည်အထိ စစ်ဆင်ရေးလုပ်ငန်းကို ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဟစ်ဇ်ဘိုလာအဖွဲ့ကို လက်နက်ဖျက်သိမ်းနိုင်ရေးအတွက် ဆောင်ရွက်နိုင်မှသာလျှင် သံတမန်ရေး သဘောတူညီချက်များရရှိလာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ စစ်ဆင်ရေးလုပ်ငန်းဆောင်ရွက်မည့် အချိန်ကာလအတိုင်းအတာကို ပိုင်းခြားသတ်မှတ်ထားခြင်းမရှိကြောင်း အစ္စရေးသံတမန်က ပြောကြားသည်။

ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးတပ်ဖွဲ့ဝင်များအား ပြန်ပေးဆွဲခဲ့ခြင်းမှာ တစ်နိုင်ငံလုံးကို ဓားစာခံအဖြစ် ဖမ်းဆီးသည့်သဘောမျိုး သက်ရောက်စေကြောင်း၊ အစ္စရေးနိုင်ငံသည် လက်ဘနွန်နိုင်ငံတွင် အင်အားအလွန်အကျွံသုံးစွဲနေကြောင်း၊ အစ္စရေးနှင့် ဟစ်ဇ်ဘိုလာပြောက်ကျားတို့ တိုက်ခိုက်နေခြင်းသည် လက်ဘနွန်အစိုးရကို အင်အားချိနဲ့စေကြောင်း၊ တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများသေဆုံးရပြီး လက်ဘနွန်နိုင်ငံမှာလည်း ထိခိုက်နစ်နာရကြောင်း ကိုဖီအာနန်က ဝေဖန်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

လေဆိပ်တွင် ရပ်ထားသော ပြင်သစ်လေယာဉ်ကို ထိုင်းလေယာဉ်က ဝင်တိုက်မိ

ဗန်ကောက် ဇူလိုင် ၂၀

စပိန်နိုင်ငံ မဒရစ်လေဆိပ်တွင် ရပ်ထားသော ပြင်သစ် လေကြောင်းပိုင်လေယာဉ်ကို ထိုင်းနိုင်ငံတကာလေကြောင်းပိုင် လေယာဉ်က ဇူလိုင် ၁၅ရက်က ဝင်ရောက်တိုက်မိကြောင်း ထိုင်းနိုင်ငံတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ထိုင်းလေယာဉ်သည် မဒရစ်လေဆိပ်မှပျံမတက်မီ လေယာဉ်ပြေး လမ်းသို့မောင်းနှင်သွားစဉ် ယင်းလေယာဉ်၏ ညာဘက်တောင်ပံထိပ်နှင့် ရပ်ထားသော ပြင်သစ်လေကြောင်းပိုင် ဖော်ကာလေယာဉ်ကို တိုက်မိကြောင်း၊ အခင်းဖြစ်ပွားချိန်တွင် ဘိုရိန်း ၇၄၇-၄၀၀ ထိုင်းလေယာဉ်ပေါ်တွင် ခရီးသည် ၂၄၀ တင်ဆောင်ထားကြောင်း ထိုင်းအရေးပေါ်လုပ်ငန်းများ စီမံခန့်ခွဲရေးဌာန ညွှန်ကြားရေးမှူးက ပြောကြားသည်။

လေယာဉ်တိုက်မှုဖြစ်ပွားရာတွင် ဒဏ်ရာရရှိသူ မရှိကြောင်း၊ ခရီးစဉ်ဆက်လက်ထွက်ခွာနိုင်ရန် လေယာဉ်ပေါ်လိုက်ပါလာသူ ခရီးသည်များကို အခြားလေကြောင်းလိုင်းသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း ထိုင်းနိုင်ငံမှ ထွက်ရှိလာသော သတင်းက ဖော်ပြထားသည်။ ပျက်စီးသွားသော ထိုင်းလေယာဉ်သည် ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်ပြီးနောက် ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇူလိုင် ၁၆ ရက် ညနေ ၆ နာရီ တွင် ပြန်လည်ရောက်ရှိသည်ဟု ညွှန်ကြားရေးမှူး ဆူရာပိုလ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟောင်ကောင်ဆိပ်ကမ်းရှိ ဟောင်ကောင်ကြယ်ပွင့်များလမ်းတွင် ထုလုပ်ထားသော ကွန်ဖူးမင်းသား ဘရုစလီ၏ ရုပ်တုအား ကမ္ဘာ့လှည့်တစ်ဦးက ဗီဒီယိုရိုက်ကူးနေသည်ကို ဇူလိုင် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပဉ္စမအကြိမ် ကမ္ဘာ့ရေညီလာခံ တရုတ်တွင်ကျင်းပမည်

ပေကျင်း ဇူလိုင် ၂၀

ပဉ္စမအကြိမ်မြောက် ရေညီလာခံကို စက်တင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း ရေညီလာခံဖြစ်မြောက်ရေးကော်မတီ အထွေထွေအတွင်းရေးမှူး ဝမ်တီဟွန်က ပြောကြားသည်။ ယခုနှစ် ကျင်းပမည့် ကမ္ဘာ့ရေညီလာခံသည် တရုတ်နိုင်ငံတွင် ပထမဆုံး ကျင်းပခြင်းဖြစ်သည်။

ဦးတည်

ယခုကျင်းပမည့် ကမ္ဘာ့ရေညီလာခံတွင် ရေအရင်းအမြစ်ကို ထိန်းသိမ်းရေး၊ သောက်သုံးရေသန့် ရရှိရေး၊ ရေသုံးစွဲမှု ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်နှင့် လူသားများကြားတွင် ရေကိုသဟဇာတဖြစ်အောင် အသုံးချရေးတို့ကို ဦးတည်ဆွေးနွေးကြမည်ဟု ဝမ်က ပြောကြားသည်။

ဆွေးနွေး

အဆိုပါ ရေညီလာခံတွင် ရေလုပ်ငန်းဆိုင်ရာ မူဝါဒများနှင့် နည်းဥပဒေတို့ကိုလည်း ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆင့်မြင့်နည်းပညာ ဆိုင်ရာ ပစ္စည်းများနှင့် အင်ဂျင်နီယာနည်းပညာ ဆိုင်ရာ လုပ်ငန်းတို့ကို ယင်းညီလာခံ၌ ပြသထားမည်ဖြစ်ကြောင်း ဝမ်က ထပ်မံပြောကြားသည်။

ပူးပေါင်း

ယခုနှစ် ရေညီလာခံကို တရုတ်နိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာရေအဖွဲ့အစည်း(အိုင်ဒဗလျူအေ)တို့ ပူးပေါင်း ဆောင်ရွက်ကြမည်ဖြစ်သည်။ အဆိုပါ ရေညီလာခံတွင် တရုတ်နိုင်ငံ ဆောက်လုပ်ရေးဝန်ကြီး ဝမ်ဂူတာက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

ဖြေရှင်း

ကမ္ဘာ့ရေလုပ်ငန်း ဆိုင်ရာတွင် အိုင်ဒဗလျူအေသည် အာဏာအရှိဆုံး အဖွဲ့အစည်း ဖြစ်သည်။ ယင်းအစည်းအဝေးတွင်လက်တွေ့ပြုလုပ်ခြင်း၊တီထွင်ပြုလုပ်ခြင်းနှင့် ရေဆိုင်ရာ ပြဿနာရပ်များ၏ အဖြေများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အထောက်အကူရရှိမည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်သံအမတ်ကြီး၏ ဝေဖန်ပြောကြားချက် တူရကီဝန်ကြီးချုပ် အာဒိုဂန် ရှုတ်ချ

အင်ကာရာ ဇူလိုင် ၂၀

အီရတ်နိုင်ငံမြောက်ပိုင်း နယ်မြေအတွင်း တူရကီတပ်ဖွဲ့ ဝင်ရောက်ကာ နယ်စပ်ဖြတ်ကျော် စစ်ဆင်ရေးလုပ်ငန်းတစ်ရပ် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ တူရကီနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး၏ ဝေဖန်ပြောကြားချက်ကို တူရကီဝန်ကြီးချုပ် ရေဆက်တေယစ် အာဒိုဂန်က ရှုတ်ချလိုက်ကြောင်း ယင်းနိုင်ငံရှိ ဆီဟန် သတင်းအေဂျင်စီက ဗုဒ္ဓဟူးနေ့တွင် သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံ မြောက်ပိုင်းဒေသအတွင်းသို့ ဝင်ရောက်ကာ စစ်ဆင်ရေးလုပ်ငန်းဆောင်ရွက်ရန် ဆုံးဖြတ်သူမှာ အမေရိကန် သံအမတ်ကြီး မဟုတ်ဘဲ တူရကီ အစိုးရသာလျှင် ဖြစ်ကြောင်း ဝန်ကြီးချုပ် အာဒိုဂန်က ဝေဖန်လိုက်သည်။

တူရကီတပ်ဖွဲ့က နယ်စပ်ဖြတ်ကျော်ကာ အီရတ်နိုင်ငံ မြောက်ပိုင်းတွင် စစ်ဆင်ရေး ဆောင်ရွက်ခြင်းသည် အဓိပ္ပာယ် မရှိသည့်လုပ်ရပ်ဖြစ်ကြောင်း တူရကီနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီး ဝီလ်ဆင်က မှတ်ချက်ချခဲ့ပြီးနောက် တူရကီဝန်ကြီးချုပ်က အထက်ပါအတိုင်း တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။

ယင်းသို့သော ဆုံးဖြတ်ချက်ကို တူရကီအစိုးရအဖွဲ့ကသာ ချမှတ်နိုင်ပြီး အမေရိကန် သံအမတ်ကြီးက ချမှတ်နိုင်ခွင့် မရှိကြောင်း အာဒိုဂန်က ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗီယက်နမ်မြောက်ပိုင်းတွင် ရေလွှမ်းမိုးပြီး မြေပြိုငါးဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးနေ

ဟန်နွိုင်း ဇူလိုင် ၂၀

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းရှိ ဘက်ကန်ပြည်နယ်နှင့် တင်ဖတ်ပြည်နယ်တို့၌ မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး ခြောက်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့တွင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

နစ်မြုပ်

ဘက်ကန်ပြည်နယ်တွင် ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားခြင်းကြောင့် လေးဦးသေဆုံးရာ၌ သုံးဦးမှာ မိသားစုတစ်စုမှ အရွယ်ရောက်ပြီးသူ သုံးဦးပါဝင်သည်။ အဆိုပါ ပြည်နယ်တွင် ရေဘေး ကျရောက်မှုကြောင့် ဇူလိုင် ၁၇ ရက်မှစ၍ ငါးဦးပျောက်ဆုံးလျက်ရှိသည်။ ဘာဘီခရိုင်တွင် လှေတစ်စင်း နစ်မြုပ်ခဲ့ပြီးနောက် ကျောင်းဆရာသုံးဦးအပါအဝင် ငါးဦးပျောက်ဆုံးနေသည်။

တင်ဖတ်ပြည်နယ်တွင် ရေလွှမ်းမိုးမှုများကြောင့် တစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံး လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကုမ္ပဏီဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ် စင်ကာပူတွင် စတင်

စင်ကာပူ ဇူလိုင် ၂၀

စင်ကာပူနိုင်ငံတွင် အသေးစားနှင့် အလတ်စားအဆင့် စီးပွားရေးလုပ်ငန်းကုမ္ပဏီများမှ ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးသည့် အစီအစဉ်တစ်ရပ်ကို ဗုဒ္ဓဟူးနေ့တွင် စတင်လိုက်ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး လင်ဟန်ကိုင်က ပြောကြားသည်။

အသေးစားနှင့် အလတ်စားအဆင့် စီးပွားရေးလုပ်ငန်း ကုမ္ပဏီများမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေး လေ့ကျင့်မှုအစီအစဉ် အကောင်အထည်ဖော်သည့် ပထမနှစ်တွင် ကုမ္ပဏီပေါင်း ၁၀၀ မှ အလုပ်သမား ၆၀၀ ခန့်ကို လေ့ကျင့်ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ဆွေးနွေးပွဲတစ်ရပ်တွင် ဝန်ကြီးလင်ဟန်ကိုင်က ပြောကြားသည်။

လေ့ကျင့်ပေး

အဆိုပါ အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ခြင်းမှာ စံချိန်စံညွှန်း၊ ထုတ်လုပ်မှု စွမ်းပကားနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဘုတ်အဖွဲ့နှင့် လုပ်သားအင်အားစု ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီတို့၏ ကြိုးပမ်းမှုများကြောင့်ဖြစ်ကြောင်း၊လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်သော စွမ်းရည်များ ပြည့်ဝလာစေရန် အလုပ်သမားများအား လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း ဝန်ကြီး လင်ဟန်ကိုင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်ရှိ ရေလွှမ်းနေသော မိုင်းယန်လမ်းတစ်နေရာတွင် ဘတ်စ်ကားပေါ်၌ ပိတ်မိနေသူအချို့အား မီးသတ်ဌာနက ကယ်ဆယ်နေသည်ကို ဇူလိုင် ၂၀ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

နယ်စပ်ဒေသလုံခြုံရေး ပါကစ္စတန်နှင့် အိန္ဒိယဆွေးနွေး

အစ္စလမ္မာဘတ် ဇူလိုင် ၂၀

ပါကစ္စတန် ရိန်းဂျားတပ်ဖွဲ့နှင့် အိန္ဒိယနယ်ခြား လုံခြုံရေးတပ်ဖွဲ့တို့မှ တာဝန်ရှိသူများသည် နှစ်နိုင်ငံနယ်စပ်ဒေသရှိ ဝါဂါစခန်းတွင် ဗုဒ္ဓဟူးနေ့က တွေ့ဆုံဆွေးနွေးကြကြောင်း ပါကစ္စတန်ရှိ ဂီအိုရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

ပါကစ္စတန်နှင့် အိန္ဒိယ နယ်ခြားစောင့် လုံခြုံရေးတပ်ဖွဲ့များ၏ တွေ့ဆုံဆွေးနွေးမှုကို အဆိုပါ ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။ အဆိုပါ ဆွေးနွေးပွဲတွင် တရားမဝင် နယ်စပ်ဖြတ်ကျော်မှု တားဆီးရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျကာတာတွင် လျှော်လှုပ်

ဂျကာတာ ဇူလိုင် ၂၀

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအနီးဒေသများနှင့် ဂျကာတာမြို့တော်တို့၌ ဗုဒ္ဓဟူးနေ့တွင် ငလျင်တစ်ခုလှုပ်ရှားသွားပြီး အဆောက်အအုံမြင့်များ ယိမ်းထိုးသွားခဲ့သည်။ တောင်ပိုင်းကမ်းလွန်ဒေသရှိ ပင်လယ်ကြမ်းပြင်တွင် ဆူနာမီရေလှိုင်းလှုပ်ရှားပြီး နှစ်ရက်အကြာတွင် ယခုငလျင်လှုပ်ခြင်းဖြစ်ကြောင်း ကိုယ်တွေ့ကြုံသူများက ပြောကြားသည်။ ထိခိုက်သေဆုံးသူများစာရင်းကို ချက်ချင်းမသိရသေးကြောင်း၊ သို့ရာတွင် ဒေသအသီးသီးရှိ လူများသည် ရုံးအဆောက်အအုံများနှင့် အိမ်များ၏ပြင်ပသို့ ထွက်ခဲ့ကြကြောင်း သိရသည်။

ထိုငလျင်သည် ဂျာဗားကျွန်း အနောက်တောင်ဘက် အိန္ဒိယသမုဒ္ဒရာအတွင်း တစ်နေရာကို ဗဟိုပြု၍ လှုပ်ရှားသွားသည်။ အဆိုပါငလျင်သည် ၆ဒသမ၂ အင်အားရှိကြောင်း အမျိုးသား ငလျင်တိုင်းတာရေးဗဟိုမှ အရာရှိဖေယူဇီက ရိုက်တာ သတင်းဌာနသို့ ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဥရောပတွင် အပူလှိုင်းကျရောက်လျက်ရှိရာ ပါရီမြို့ အီဖယ်မျှော်စင် အနီး ရေကန်တွင် အပူဒဏ် သက်သာစေရန် ရေစိမ်နေသူအချို့ကို ဇူလိုင် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

❀ လဲချားမြို့မှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူးတို့သည် ဘုရားတန်ဆောင်းအတွင်းရှိ မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတို့ဖြင့် ကပ်လှူပူဇော်ကာ ဘုရားကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လဲချားမြို့ အမှတ်(၄) ရပ်ကွက်ရှိ ကုန်းနင်ကျောင်းတိုက်သို့ ရောက်ရှိပြီး သက်တော် (၆၈)နှစ်၊ ဝါတော် (၄၇)ဝါရှိ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးဝိစိတ္တသာရအား ဖူးမြော်ကန်တော့ကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လဲချားမြို့ပေါ်နန်းကို မော်တော်ယာဉ်ဖြင့် သွားရောက်ကြည့်ရှုကြသည်။ (သတင်းစဉ်)

✳ အခွန်လွတ်ဈေးများမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (မြောက်ပိုင်း) အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၂၆) ရပ်ကွက် ပြည်ထောင်စုလမ်းရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) အခွန်လွတ်ဈေးသို့ လည်းကောင်း၊ သာကေတမြို့နယ် မာန်ပြေရပ်ကွက် ယမုံနာလမ်းနှင့် မြင်တော်သာလမ်းထောင့်ရှိ ရွှင်းသာ အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်း အခွန်လွတ်ဈေးသို့ လည်းကောင်း သွားရောက်၍ ဈေးများအတွင်း အမှတ်(၁)စက်မှု ဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ အဝတ်အထည်၊စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း/ တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာ အနီးရှိ ရန်ကုန်တိုင်းဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သားနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း ကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေး၊ M.M.G Jetty နှင့် ပုဂ္ဂလိက မွေးမြူရေးနှင့် ရေလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၏ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ဝက်သား၊ ရေချိုရေငန်ငါးမျိုးစုံနှင့် နို့ထွက်ပစ္စည်း အရောင်းဆိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပန်းအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီနှင့် ကုန်ခြောက်ပစ္စည်း အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်၏ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အခွန်လွတ်ဈေးများ ဖွင့်လှစ်ရောင်းချခဲ့သည့် သက်တမ်းကာလကြာမြင့်လာသည်နှင့်အမျှ ဈေးဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းကြရန်၊ တာဝန်ရှိသူများက အလေးချိန်ခွင် မှန်ကန်စေရေးအတွက် ကြပ်မတ်စစ်ဆေးကြရန်နှင့် ဈေးရောင်းချသူများကလည်း သန့်ရှင်းလတ်ဆတ်သည့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို ပြင်ပထက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချကြရန် မှာကြားပြီး ဈေးရောင်းချသူ၊ ဈေးဝယ်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကုမ္ပဏီဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား Ntegrator Pte Ltd. Chairman, Mr. Bernard Chen Tien Lap ဦးဆောင်သောအဖွဲ့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား Ntegrator Pte Ltd. Chairman Mr. Bernard Chen Tien Lap ဦးဆောင်သောအဖွဲ့ လာရောက် တွေ့ဆုံစဉ်။

(သတင်းစဉ်)

ကုန်သည်စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးနှင့် ကိုရီးယားစိုက်ပျိုးမွေးမြူရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင်တို့အား ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ Nonghyup စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းအဖွဲ့ချုပ် (The National Agricultural Cooperative Federation) ဥက္ကဋ္ဌ Mr. Ja Mok Koo ခေါင်းဆောင်၍ အဖွဲ့ဝင်ခြောက်ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီးနောက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်မည့် အခွင့်အလမ်းဆိုင်ရာကိစ္စများ၊ မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေမှုအခြေအနေများ၊ လယ်ယာစိုက်ပျိုးရေးအပါအဝင် စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ ဖလှယ်ရေးကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အမှုဆောင်များလည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြန်သူ့ဆက်ဆံရေးဦးစီးဌာန နည်းလှည့်စာကြည့်တိုက် နံရံကပ်စာစောင်ဓာတ်ပုံပြပွဲ ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက်က ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမှတ်(၃၁)ရပ်ကွက် ရောင်ခြည်ဦး စာကြည့်တိုက်ရှေ့တွင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးစိုးလှမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပညာသင်ထောက်ပံ့မှုပေးအပ်

ရန်ကုန် ဇူလိုင် ၂၁

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ချို့တဲ့ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့မှုပေးအပ်ပွဲနှင့် ရာသက်ပန်အဆိုပြုလွှာပေးအပ်ပွဲကို ဇူလိုင် ၂၁ ရက်က အထက(၁) ကျောင်းခန်းမတွင် ပြုလုပ်ရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နွယ်နီအုန်း တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ပေးအပ်သည်။ **(အောက်ပုံ)**

ဆက်လက်၍ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း ၃၀ မှ ပညာထူးချွန်ပြီး ချို့တဲ့သူကျောင်းသူကျောင်းသား ၉၀ အတွက် ကျောင်းသုံးစာအုပ် စာရေးကိရိယာများကို ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများကပေးအပ်သည်။ (၃၂)

သင်္ချာကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

ဒဂုံတက္ကသိုလ် သင်္ချာကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကျင်းပရန်အတွက် ညှိနှိုင်းတွေ့ဆုံပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၇ နာရီခွဲ တွင် ရန်ကင်းစားတော်ဆက်၌ ကျင်းပမည်ဖြစ်သည်။

တွေ့ဆုံပွဲ လက်မှတ်များကို ကိုဘုန်းနိုင် (ဖုန်း–၀၉၅၁–၂၁၉၃၁၊ ၀၉၅၁–၂၁၉၃၂)၊ ကိုကျော်စွာဝင်း (ဖုန်း–၅၄၃၀၀၄)၊ ကိုခင်မောင်မောင် (ဖုန်း–၇၀၀၇၉၀)၊ မထွန်းစန္ဒာထွန်း (ဖုန်း–၀၉၈၅၁၀၀၃၆၇)၊ မတင်တင်လှိုင် (ဖုန်း–၅၄၈၄၉၁)နှင့် မမာမာစိုး (ဖုန်း–၀၉၉၉–၂၃၇၆၇)တို့ထံ ဆက်သွယ်ရယူနိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂–၇–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၅** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၅** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ **ဆရာတော်ဦးဃောသိတတရားတော် –အသာဒဒိဋ္ဌိနှင့်ဥစ္စေဒဒိဋ္ဌိများ**
- **၉:၁၀** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း – အတ္တဆူး (ကျော်ဟိန်း–ထွန်းအိန္ဒြာဗို)**
- **၁:၅၀** ၆။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၇။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- **၄:၂၀** ၄။ မြန်မာသံစဉ်ချိုနှာဝင်
- **၄:၃၅** ၅။ မျိုးချစ်တပ်မတော်
- **၄:၅၅** ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၀၀** ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၂၅** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၃။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- **၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း–၃၈)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ မဟာဂန္ဓာရုံမှ တစ်နေ့တာ**
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သတ္တိ ဇွဲတ္တိ" (အပိုင်း–၁၅)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများချစ်ကြည်ရေးအသင်း ပဉ္စမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

အာဆီယံ အမျိုးသမီးများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အရှေ့တောင်အာရှဒေသအတွင်းရှိ ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုကို မြှင့်တင်ပေးရန်နှင့် ယဉ်ကျေးမှုဖလှယ်ရေးကို တိုးတက်ရန်ရည်ရွယ်လျက် ၂၀၀၁ခုနှစ် ဇူလိုင် ၂၆ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း (Myanmar ASEAN Women's Friendship Association-MAWFA)၏ ပဉ္စမအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပသည်။

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း၏ ပဉ္စမအကြိမ် နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းအတွက် ဖိလစ်ပိုင် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Madame Phoebe A. Gomez **က အမေရိကန်ဒေါ်လာ ၂၀၀ ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

အစည်းအဝေးသို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် ဂုဏ်ထူးဆောင် အဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများ၊ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ ဇနီး ဒေါက်တာ ဒေါ်ခင်မြဝင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသည့်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၏ ဇနီးများ၊ရန်ကုန်မြို့ရှိ အာဆီယံနိုင်ငံ သံရုံးများမှ အမျိုးသမီး သံအမတ်ကြီးနှင့် သံအမတ်ကြီးများ၏ ဇနီးများ၊ သံတမန်အဖွဲ့ဝင်များ၏ ဇနီးများနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုး ကအမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်နှင်းညွှန့်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး အသင်းအတွင်းရေးမှူး ဒေါ်ကေသီစိုးက ၂၀၀၅-၂၀၀၆ ခုနှစ် အလုပ်အမှုဆောင် အဖွဲ့အစီရင်ခံစာကိုလည်းကောင်း၊အသင်း ဘဏ္ဍာရေးမှူး ဒေါ်နွဲ့နွဲ့ရီက ၂၀၀၅-၂၀၀၆ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းကို လည်းကောင်း အသီးသီးဖတ်ကြား တင်သွင်းကြပြီး အတည်ပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း အတွက် ဖိလစ်ပိုင် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Madame Phoebe A. Gomez က အမေရိကန် ဒေါ်လာ ၂၀၀၊ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း ဂုဏ်ထူးဆောင်အဖွဲ့ဝင်များက ငွေကျပ် တစ်သိန်း၊ မြန်မာစီဘီဘဏ်ဥက္ကဋ္ဌ ဦးခင် မောင်အေးက ငွေကျပ်လေးသိန်း၊ Amazing Holidays မှ ဦးအောင်မျိုးမင်းနှင့် ဒေါ်အေးအေးမြင့်တို့က ငွေကျပ်သုံးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးက အမေရိကန်ဒေါ်လာ ၁၀၀၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးက ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံရုံးက ငွေကျပ် တစ်သိန်း၊မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံရုံးက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးက ငွေကျပ်တစ်သိန်း၊ အရဏ်ဦးဆောက်လုပ်ရေးလုပ်ငန်းမှ ဦးဇော်ဝင်း- ဒေါ်ခင်ခင်ဌေးတို့က ငွေကျပ်နှစ်သိန်း၊အငြိမ်းစားသံအမတ်ကြီး ဦးလှမော်-ဒေါ်ဖြူဖြူညွှန့်တို့ကငွေကျပ် တစ်သိန်း၊ ဘုန်းဟန်ကျော် လက်ဝတ်ရတနာဆိုင်မှ ဦးဟောင်စွမ်း-ဒေါ်အေးအေးမူတို့က ငွေကျပ်တစ်သိန်း၊ စိန်ကုန်သည် ဆရာမ ဒေါ်မြင့်မြင့်အေးက ငွေကျပ်တစ်သိန်း၊ ကေအက်စ်အက်စ်ကုမ္ပဏီလီမိတက်မှ ဦးထွန်းမြင့်-ဒေါ်အေးအေးညွှန့်တို့က ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင်များက ငွေကျပ်တစ်သိန်း၊ ဒေါ်ကြည်ကြည်တိုလန်တီနိုက အမေရိကန် ဒေါ်လာ ၅၀၊ ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ် အမျိုးသမီးများအသင်းက ငွေကျပ် ငါးသောင်း၊ Meemosa Boutique မှ ဦးဆန်နီအောင်ခင်က ငွေကျပ် ငါးသောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန လေ့ကျင့်ရေး၊သုတေသနနှင့် နိုင်ငံခြား ဘာသာဦးစီးဌာနကငွေကျပ်ငါးသောင်း၊ ရန်ကုန်မြို့ရှိ အိန္ဒိယအမျိုးသမီးများ အသင်းကငွေကျပ် တစ်သိန်းနှင့် ကျန်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ အသင်းနာယက အဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုးနှင့် ဒေါက်တာ ဒေါ်ခင်မြဝင်း၊ သံအမတ်ကြီးများနှင့် သံအမတ်ကြီးများ၏ ဇနီးများ၊ အသင်း ဥက္ကဋ္ဌ တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီးအစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း၏ ပဉ္စမအကြိမ် နှစ်ပတ်လည် အစည်းအဝေးတွင် တက်ရောက်လာကြသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

အစည်းအဝေးအပြီးတွင်တက်ရောက်လာကြသူများသည် စုပေါင်းဓာတ်ပုံရိုက်ကြပြီး ခန်းမအတွင်း ပြသထားသော အသင်း၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

လေးအိမ်စု မင်္ဂလာစာကြည့်တိုက် တိုးချဲ့ဆောင် ဖြစ်မြောက်ရေး အတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီလှူဒါန်းကြသော ပုဂ္ဂိုလ်အပေါင်းအား လေးအိမ်စု မင်္ဂလာစာကြည့်တိုက် တိုးချဲ့ဖြစ်မြောက်ရေးကော်မတီက အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုထားပါသည်။

ဦးသောင်းဒန်

စာကြည့်တိုက်ကို လေ့လာကြပြီးနောက် လေးအိမ်စုရွာ အထက်တန်းကျောင်းသို့သွားရောက်ကြသည်။ ရွှေရတုကျောင်းဆောင်ကြီး အပေါ်ထပ်ရှိ ဟောခန်းမမှာ ဟောပြောပွဲပြုလုပ်သည်။ ကျောင်းသူ၊ ကျောင်းသား တစ်ရာကျော်နှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။ အခမ်းအနားမှူးအဖြစ် ဆရာကြီး ဦးသောင်းဒန် (မူလတန်းကျောင်းအုပ်)က ဆောင်ရွက်သည်။ အထက်တန်း ကျောင်းသား၊ ကျောင်းသူတွေအတွက် သူတို့နားနှင့်ဆီလျော်မည့် စကားလက်ဆောင် စကားလေးခွန်းကို အချိန် တစ်နာရီခန့် ဟောပြောခဲ့ပါသည်။

၁။ မေးပါ။ စာအုပ်တွေကို များများမေး(ဖတ်)ပါ။
၂။ တွေးပါ။ ဖတ်ရုံသာမက ဆင်ခြင်ချင့်ချိန်ပါ။
၃။ ရေးပါ။ မှတ်သားစရာ၊ အတွေးပေါ်ရာ ရေးမှတ်ပါ။
၄။ ပေးပါ။ ဆွေမျိုး၊ မိဘ၊ ဆရာ၊ ဆရာမ၊ သူငယ်ချင်းစသည်တို့အပေါ် စိတ်ဝင်စားမှု၊ ဂရုစိုက်မှု၊ ကြင်နာမှု၊ လေးစားချစ်ခင်မှု၊ အရေးထားအလိုက်သိမှု၊ ခွင့်လွှတ်သည်းခံမှု၊ မေတ္တာစေတနာ ပေးပါ။

ထိုအခါ မောင်တို့မယ်တို့သည် ပညာပြည့်ဝ နှလုံးလှကြသည့် အလျောက် တန်ဖိုးရှိသောလူမွန်များဖြစ်ကြမည်။ ရပ်ရွာကောင်းအောင်၊ တိုင်းပြည် ကောင်းအောင် ဆောင်ရွက်နိုင်ကြပါလိမ့်မည်။ အောင်မြင်တိုးတက်ကြပါစေ။ အချိန် ၁၀နာရီမှစ၍ ၁၁နာရီတိတိမှာ တစ်ကိုယ်တော် စာပေဟောပြောပွဲပြီးဆုံးသည်။ပွင့်လင်းရာသီတွင် ကားလမ်းတောက်လျှောက် ပေါက်သည့်အခါ အခြားစာရေးဆရာကြီးတွေပါ ဖိတ်ကြားပြီး နောက် တစ်ခေါက် လာစေချင်ပါသေးသည်ဟု ပြောပြမိပါသည်။

လေးအိမ်စုရွာမှ ပွဲထောင်လှေလေးဖြင့် မွန်းလွဲ၂နာရီခန့်တွင် စာရေးသူတို့ ထွက်ခွာခဲ့ကြသည်။ ဆွေမျိုးသားချင်းတွေပမာ မြစ်ဆိပ်ကမ်းမှာ လက်ပြေ့ယမ်း နှုတ်ဆက်ပြီးကျန်ခဲ့ကြသည်။ ကရင်တိုင်းရင်းသားများ၏ ရိုးသားပွင့်လင်းပြီး ချစ်စရာကောင်းလှသော ဓလေ့စရိုက်များကို လေးအိမ်စုရွာသို့ နေ့ချင်းပြန် တစ်ရက်ခရီးကြောင့် ဘဝတစ်သက်တာ မမေ့နိုင်တော့ပါ။ စည်းလုံးညီညွတ်သော၊ ပညာလိုလားသော၊ စာပေ လေ့လာဖတ်ရှုခြင်းအားကောင်းသော ကရင်ရွာကြီး၏ အနာဂတ်သည် ပိုမိုလင်းလက်တောက်ပလာဦးမည်မှာ အထူးပြောနေစရာ မလိုတော့ပါ။ ။

စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းဝင်း၌ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၆ရက်တွင် ကျင်းပရာ အမှတ်(၁)အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(စီမံ) ဦးမင်းကျော်ဝေ၊ လက်ထောက်ပြည်နယ် ပညာရေးမှူး(စီမံ) ဦးမင်းထွန်းရီ၊ မြို့နယ်ပညာရေးမှူး ဦးမင်းမျိုးတင့်အောင်၊ ကျောင်းအုပ်ကြီး ဦးမြတ်ကို၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၈၀၀ကျော်တို့က ခြိစည်းရိုးကြက်ဆူပင် ၅၀၀၀နှင့် အရိပ်ရနေကာပင်၊ သီးပင်စားပင်၊ ပရဆေးပင်နှင့် ပန်းအလှပင် ၈၀၀တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

အညာပြန်ခရီး

☆ ကိုယ့်ဇာတိ ကိုယ့်ရပ်မြေ
ခါတလေ ရောက်ချင်ဇောရယ်နဲ့
စိတ်မောမိအခါခါ၊
ကမ္ဘာမခြားပေမယ့်
အညာသားကျွန်တော်တစ်ယောက်
အောက်ရပ်မြေ အောက်အရပ်
လှည့်ပတ်ကျင်လည်လို့
ငွေရှာမယ်ဆင်းအလာ
အောက်ပြည်ရွာ လှပဂေးနဲ့
ရွှေဖူးစာ ဆုံကာပေးတာကြောင့်
ဝေးခဲ့အညာ။
☆ အခါသင့်ပြီမို့
ကြာမြင့်စွာ တမ်းနေလွမ်းနေမိပါတဲ့
ဇာတိအညာဆီသို့
ပါရမီအစဉ်ဖြည့်ကာဆည်းပါတဲ့
ကညာခင် အမိပမာ ဇနီးရယ်နဲ့
ခရီးစထွက်ခဲ့တယ်၊
ရန်ကုန်မှာ အနေများတာကြောင့်
နယ်သွားရင် မအီမသာနဲ့
လမ်းကြမ်းတာ အထိုက်အလျောက်
တွေ့သလောက်တော့ တွေ့ပါစေပေါ့
အညာမြေရောက်ဖို့ပဲ
အားခဲခဲ့တယ်။
☆ ဒါပေမယ့်လေ
ခရီးအညာမြေက
သွားလာမှုအဆင်ပြေ
ရန်ကုန်မြေအသွင်ရှိ၊
ကားပေါ်မှာ ငြိမ့်ငြိမ့်ညောင်းနဲ့
လမ်းကြောင်းရဲ့ ပတ်ဝန်းကျင်
မြကြောပြင် လယ်ယာခင်းတွေနဲ့
စိမ်းစိုလွင်သစ်ပင်တန်းတွေက
လန်းဆန်းလို့စိတ်ကြည်လင်
ပျော်ရွှင်စရာ ဒီခရီးဟာမို့
အောက်ရပ်သူ ချစ်ဇနီးမှာတော့
ဘယ်နည်းပုံရှိလိမ့်မတုံးရယ်လို့
မျက်လုံး စွေကာကြည့်
ပြုံးမျက်နှာ အပြည့်။ ။

ရွှန်းမြအောင်

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ချင်းပြည်နယ် မင်းတပ်-မတူပီ ကတ္တရာလမ်း ၁၀၂ မိုင် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ယခင်က မင်းတပ်နှင့်မတူပီကို ငါးရက်သွားခဲ့ရ ယခုအချိန်တွင် ၆ နာရီခန့်ဖြင့် သွားလာနိုင်ပြီဖြစ်

*** ရှေ့ဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ယနေ့သည် ချင်းပြည်နယ်(တောင်ပိုင်း)အတွက် အဓိကကျသည့် မင်းတပ်-မတူပီ ကားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းပြီးစီး၍ မင်္ဂလာရှိရှိ ကျင်းပသော လမ်းဖွင့်ပွဲ အခမ်းအနားဖြစ်ကြောင်း၊ ၁၀၂မိုင်ရှိသည့် ဤလမ်းမကြီး၏ ပထမပိုင်းအဖြစ် (မင်းတပ်မှ မိုင်တိုင် ၅၀/၀)အထိကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ပေးခဲ့ပြီး ယခုဒုတိယပိုင်းအဖြစ် (မိုင်တိုင် ၅၀/၀ မှ ၁၀၂မိုင် မတူပီ) ကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

ချင်းပြည်နယ်အတွင်းတွင် အဓိကဆက်သွယ်သည့် လမ်းမကြီးလေးသွယ် ရှိကြောင်း၊ ယင်းတို့မှာ ဟားခါး-ဂန့်ဂေါလမ်း၊ဟားခါး-မတူပီလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ မင်းတပ်-မတူပီလမ်းတို့ပင်ဖြစ်ကြောင်း။

၎င်းလမ်းများထဲက ယနေ့ဖွင့်လှစ်မည့် မင်းတပ်-မတူပီ ကတ္တရာလမ်း ၁၀၂ မိုင်သည် ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်-မတူပီမြို့ကို ဆက်သွယ်ပေးမည့်လမ်းဖြစ်ကြောင်း၊ မတူပီမြို့၏ အဓိကထွက်ပေါက်ဖြစ်သကဲ့သို့ မတူပီ-ဟားခါးလမ်းပေါ်ရှိ ရေဇွာမြို့အတွက်လည်း အဓိကဆက်သွယ်ပေးမည့် လမ်းဖြစ်ကြောင်း၊ မင်းတပ်-မတူပီလမ်းသည် ၁၉၅၅ခုနှစ်ခန့်က စတင်ဖောက်လုပ်ခဲ့ကာ ၁၉၇၃ခုနှစ်တွင်မှ မြေလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်သော်လည်း မြေလမ်းဖြစ်၍ ပွင့်လင်းရာသီ၌သာသွားလာနိုင်သည့် လမ်းဖြစ်ကြောင်း၊ မိုးတွင်းကာလတွင် အသုံးမပြုနိုင်ကြောင်း၊ ယင်းအချိန်က လမ်းသည် မြေသားအကျယ်အားဖြင့် ၁၆ ပေခန့်သာရှိခဲ့ပြီး ကမ်းပါးယံများ မတ်စောက်ကာ အန္တရာယ်ကြီးစွာဖြင့် ခက်ခက်ခဲခဲ အသုံးပြုခဲ့သည့် လမ်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က ချင်းပြည်နယ်လမ်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် လမ်းညွှန်ခဲ့သည့်အတိုင်း ပထမအဆင့်အနေဖြင့် ချင်းပြည်နယ်(တောင်ပိုင်း)မင်းတပ်မြို့ကို လွယ်လင့်တကူ သွားလာနိုင်စေပြီး ကုန်စည်စီးဆင်းမှုကိုလည်း လိုအပ်သည့်အတိုင်း ပို့ဆောင်ပေးနိုင်သည့်အပြင် မကွေးတိုင်းအပါအဝင် အခြားပြည်နယ်၊တိုင်းများကပါ ကူးလူးဆက်သွယ်ပြီး စီးပွားရေး၊ လူမှုရေးများ တိုးတက်အောင် ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်းကို လမ်းအင်္ဂါရပ်များနှင့်အညီ အဆင့်မြှင့်တိုးတက်ဆောင်ရွက်ခဲ့ပြီး ၂၇-၁၁-၂၀၀၃ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယခုဖွင့်လှစ်မည့် မင်းတပ်-မတူပီလမ်းကို ၁၂-၁၂-၂၀၀၄ ရက်တွင် စတင်၍ လမ်းအင်္ဂါရပ်များနှင့်အညီ အဆင့်မြှင့်တင်ရန် အဖွဲ့လေးဖွဲ့ခွဲ၍ တာဝန်ပေးပြီး ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဤလမ်းကို အဆင့်မြှင့်ဆောင်ရွက်ပေးခဲ့သည့်အပိုင်းတွင် အခက်အခဲအမျိုးမျိုးဖြင့် ကြုံတွေ့ခဲ့ရကြောင်း၊ ယခုလမ်းတွင် ယခင်က တစ်လမ်းသွားအဆင့်သာဖြစ်ပြီး ကျောက်ကမ်းပါးယံများ အလွန်မတ်စောက်၍ ယာဉ်တစ်စီးနှင့်တစ်စီး ဆုံတွေ့ခဲ့လျှင် ရှောင်တိမ်းနိုင်ခြင်းမရှိသည့်အပြင် တစ်ဖက်ချောက်ကမ်းပါးများတွင်လည်း ပေ ၅၀၀၀ မှ ပေ ၉၀၀၀ အထိ ရှိသည့်အတွက် လွန်စွာခက်ခဲပြီး အဟန့်အတားအမျိုးမျိုးဖြစ်သော ကျောက်တောင်များပြိုခြင်း၊ မြေသား တောင်ကမ်းပါးယံများပြိုခြင်း၊ လမ်းနုတ်ခမ်းများပဲ့ကျခြင်း၊ မြေလမ်းအပိုင်းတွင်လည်း ယာဉ်ကြီး၊ ယာဉ်ငယ်များ ဗွက်နစ်၍ ရှေ့မတိုးနိုင်၊ နောက်မဆုတ်နိုင် ရက်ကြာရှည်စွာနေပြီးမှ မတူပီကို ရောက်ရှိကြခြင်းဖြစ်ကြောင်း။

ဤလမ်းကို စတင်ဆောင်ရွက်ရာတွင် တာဝန်ရှိသူများအနေဖြင့် အထက်ကဖော်ပြသည့် အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ရရုံမျှမက ကာယဉာဏ အလုပ်သမားဝန်ထမ်းများ ကျန်းမာရေးချို့ယွင်းမှုများ၊ ဆေးကုသရေးနှင့် စက်ယာဉ်အန္တရာယ်များ ပြုပြင်နိုင်ရေးကို နောက်တန်းမှ စက်ပစ္စည်းပို့ရာတွင် ပေါက်-ကျောက်ထုအကြားရှိ တံတားများလည်း မပြီးသေးသည့်အတွက် ချောင်းကြီး၊ ချောင်းငယ်ဖြတ်ကာ ရေအတက်အကျစောင့်၍ ရက်ရှည်လများစွာ အချိန်ကုန်ခဲ့ရကြောင်း။

ဤသို့ အခက်အခဲမျိုးစုံတွေ့ရသော်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက်နှင့် ဒေသအားလုံးမျှမျှတတဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ချမှတ်ထားသည့်မူအတိုင်း ဆောက်လုပ်ရေးဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများ၏ ခွန်၊ လုံ့လ၊ စေတနာအပြည့်ဖြင့် အားပေးမှုကြောင့် ဤနေရာတွင် မင်းတပ်-မတူပီကားလမ်း ၁၀၂ မိုင်ကို မင်းတပ်မြို့မှ မတူပီမြို့အထိ အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိဤနေရာတွင် တင်ပြလိုသည်မှာ ချင်းပြည်နယ်အတွင်း၌ ၁၉၈၈ခုနှစ်မတိုင်မီ လမ်းပိုင်းအရှည်ပေါင်း ၆၉၅ မိုင်သာရှိခဲ့ပြီး ယနေ့အချိန်အထိ တိုးတက်ဖောက်လုပ်ပြီးသည့် စုစုပေါင်းမိုင်အရှည်မှာ ၁၀၆၂မိုင်ဖြစ်၍ ချင်းပြည်နယ်အတွင်း၌ မိုင်အရှည်ပေါင်း ၃၆၇မိုင် တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ နိုင်ငံတော်အတွင်း ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုနှင့်အညီ နိုင်ငံတစ်ဝန်း ပြည်နယ်၊ တိုင်းအသီးသီး၌ ပေ ၁၈၀ နှင့်အထက် တံတားပေါင်း ၁၈၃စင်းကို တည်ဆောက်ပေးခဲ့ပြီးလည်းဖြစ်ကြောင်း၊ ယင်းတံတားများကို နှစ်အလိုက် ချင်းပြည်နယ်၌ တည်ဆောက်ပေးခဲ့ကြောင်း၊ ၎င်းတံတားသည် မဏိပူရ်မြစ်ကို ဖြတ်သန်းဆောက်လုပ်ထားခြင်းဖြစ်ပြီး တံတားအမျိုးအစားမှာ ဘေလီနှစ်လွှာတစ်တပ်ဖြင့် တည်ဆောက်ပေးခဲ့ကာ အလျားပေ ၃၄၀ အရှည်ရှိကြောင်း၊ ၎င်းတံတားကို ၁၂-၁၂-၁၉၉၂ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၃-၃-၁၉၉၈ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

နောက်တစ်စင်းက ကပ်တဲတံတားဖြစ်ကြောင်း၊တီးတိန်-ရိဒ်လမ်းပေါ်တွင် မဏိပူရ်မြစ်ကိုဖြတ်ကျော်၍ တည်ဆောက်ထားသည့် တံတားအမျိုးအစားက သံမဏိပေါင်ကူးတံတားဖြစ်ပြီး ပေ ၄၄၀ အရှည်ရှိကြောင်း၊ ၎င်းတံတားကို ၁-၄-၁၉၉၆ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၅-၄-၂၀၀၂ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ နောက်တံတားဖြစ်သည့် မန်ချောင်းတံတားသည် တီးတိန်-ရိဒ်လမ်းပေါ်၌ မဏိပူရ်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော တံတားဖြစ်ကြောင်း၊ ယင်းတံတားကို ၁၈-၁၂-၂၀၀၂ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀-၃-၂၀၀၅ ရက်တွင် အောင်မြင်စွာဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ၎င်းတံတားအမျိုးအစားသည် ဘေလီကြိုးတံတားအမျိုးအစားဖြစ်ပြီး အရှည်အားဖြင့် ပေ ၄၆၀ဖြစ်ကြောင်း။

ယခင်ကဆိုလျှင် အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း မင်းတပ်နှင့် မတူပီအကြား ခရီးလမ်းသည် ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်း ညအိပ်သွားရသော ခရီးကြမ်းမျိုးဖြစ်ကြောင်း၊ ယခုဆိုလျှင် ညအိပ်ရန်မလိုတော့ဘဲ လွယ်လင့်တကူ မတူပီ-မင်းတပ်မှ ပခုက္ကူအထိ နေ့ချင်းပေါက် သွားလာနိုင်ပြီဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးလုပ်ငန်းကိစ္စအဝဝကို ဆက်သွယ်ဆောင်ရွက်ရာတွင် မြန်ဆန်ချောမွေ့သွားပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့် လမ်းညွှန်မှုအရ ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး တစ်ပြိုင်တည်း မျှမျှတတ အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်လာရန် ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟချက်များသည် လျော့နည်းကျဆင်းလာစေရန် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အထိအတွေ့ အဆက်အဆံများပြီး ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်နိုင်ရန်စသော မျှော်မှန်းချက်များအတွက် အထောက်အကူဖြစ်စေမည့် လမ်းတံတားလုပ်ငန်းများကို နိုင်ငံတော်အစိုးရသည် ကိုယ့်ခွန်ကိုယ့်အား ကိုယ်ပိုင်အတတ်ပညာကိုအခြေခံပြီး တစ်ခုပြီးတစ်ခု တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ်၌ တည်ဆောက်နေသကဲ့သို့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ် စသည့် အခြားပြည်နယ်၊တိုင်းများ၌လည်း ကားလမ်းများ၊ ရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ သင်္ဘောဆိပ်ခံတံတားများ၊ မြစ်ကူးချောင်းကူးတံတားများကို တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

ချင်းပြည်နယ်(တောင်ပိုင်း)၏ အဓိကဖြစ်သည့် ယခုလမ်းမကြီးနှင့် ဆက်စပ်ပြီး ပခုက္ကူဒေသနှင့် သွားလာမှုလမ်းကြောင်းလွယ်ကူသွားအောင် မင်းတပ်-ကျောက်ထု-ပေါက်လမ်းကို အဆင့်မြှင့်တင်ပေးပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မင်းတပ်နှင့်ပခုက္ကူသည် အနေနီးသကဲ့သို့ ခရီးလည်းနီးသွားပြီး နေ့ဝက်ခရီးဖြင့် သွားလာနိုင်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်(တောင်ပိုင်း)သည် ပခုက္ကူဒေသမှတစ်ဆင့် ဧရာဝတီမြစ်ကူးတံတားဖြစ်သော အနော်ရထာတံတားကြီးမှတစ်ဆင့် ပြည်နယ်၊တိုင်းအားလုံးနှင့် လွယ်ကူမြန်ဆန်စွာ ဆက်သွယ်ရောင်းဝယ်သွားလာနိုင်ပြီဖြစ်ကြောင်း။

အလားတူပင် ချင်းပြည်နယ်(မြောက်ပိုင်း)သည် ဟားခါး-ဂန့်ဂေါထွက်ပေါက်၊ ကလေး-ကလေးဝ- ယာကြီး-မုံရွာထွက်ပေါက်တို့မှတစ်ဆင့် အခြားပြည်နယ်၊တိုင်းများကို လွယ်လွယ်ကူကူ ခရီးပေါက်နေပြီဖြစ်ကြောင်း။

ချင်းပြည်နယ်၏ ဝမ်းစာဖူလုံရေးအတွက် စပါးတိုးချဲ့စိုက်ပျိုးရေး၊ အစေ့ထုတ်ပြောင်း တိုးချဲ့စိုက်ပျိုးရေးတို့ကို တိုက်တွန်းအားပေးနေသကဲ့သို့ အမယ်သစ်သီးနှံဖြစ်သည့် လက်ဖက်စိုက်ပျိုးမှုကိုလည်း လက်ဖက်ပြည်နယ်ဖြစ်ရမည်ဆိုသည့်ရည်မှန်းချက်ဖြင့် ပံ့ပိုးကူညီအားပေးနေသကဲ့သို့ တစ်ဖက်ကလည်း ပိုးမွေးမြူရေးကို အားပေးနေခြင်းဖြစ်ကြောင်း။

ထို့အတူ ဒေသအခြေအနေအရ ဖြစ်မြောက်နိုင်အားရှိသည့် နွားနောက်မွေးမြူရေးလုပ်ငန်းကိုလည်း ဘက်စုံမှအားပေးနေသည်ကို ကိုယ်တွေ့မျက်မြင်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ချင်းပြည်နယ်သည် အနာဂတ်အလားအလာကောင်းသော ပြည်နယ်အဖြစ် ပြည်နယ်သူ၊ပြည်နယ်သားများကြိုးစားလျှင် ကြိုးစားသကဲ့သို့ မြန်မြန်ဆန်ဆန် ခိုင်ခိုင်မာမာ ရပ်တည်လာနိုင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်

▲ ပစိဖိတ်ကျွန်းနိုင်ငံမှ

ဒီရေရောက်သစ်တောများ ပျက်စီးပါက အဏ္ဏဝါသတ္တဝါတို့၏ ပေါက်ဖွားကျက်စားရာနယ်မြေများ ထိခိုက်ပျက်စီးနိုင်ပြီး ရေလုပ်ငန်းများအရ ဒေါ်လာသန်းပေါင်းမြောက်မြားစွာ ဆုံးရှုံးနစ်နာနိုင်ကြောင်း နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သိပ္ပံပညာရှင်များက ဖော်ပြထားသည်။

ပစိဖိတ်ကျွန်းနိုင်ငံပေါင်း ၁၆ နိုင်ငံတွင် ဒီရေရောက်သစ်တောများ ပျက်စီးဆုံးရှုံးနိုင်မှုကို လေ့လာခဲ့သည်။ ကမ္ဘာကြီးပူနွေးမှုနှင့်အတူ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၏ အကျိုးဆက်အဖြစ် ပစိဖိတ်ကျွန်းနိုင်ငံများ၏ ဒီရေရောက် သစ်တောများ ဆုံးရှုံးနိုင်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုအခြေအနေကို အဆိုးရွားဆုံးရင်ဆိုင်နိုင်သည့် ကျွန်းများမှာ ဆာမိုအာကျွန်း၊ ဖီဂျီကျွန်း၊ တူဗာလူ့စ်ကျွန်းနှင့် မိုက်ခရိုနီးရှားကျွန်းတို့ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာချက်တွင် ဖော်ပြထားသည်။

ဖော်ပြပါကျွန်းနိုင်ငံများသည် ယခုရာစုနှစ်ကုန်ထက် နောက်မကျဘဲ ယင်းနိုင်ငံများရှိ ဒီရေရောက်သစ်တောများ၏ ထက်ဝက်ကျော် ပျက်စီးဆုံးရှုံးမှုကို တွေ့ကြုံနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။

လမုတောများဟုခေါ်တွင်သော ဒီရေရောက်တောများသည် ဂေဟစနစ်ကောင်းမွန်ရေးတွင် ပဓာနကျသည်။

လမုတောများသည် ဒေသခံပြည်သူလူထု၏ စားဝတ်နေရေးကို အထောက်အပံ့ပေးလျက်ရှိသည်။ တစ်စတုရန်းကီလိုမီတာလျှင် အမေရိကန်ဒေါ်လာ ၉၀၀၀၀၀ ဖိုးနှင့် ညီမျှသော ပစ္စည်းများနှင့် ဝန်ဆောင်လုပ်ငန်းကို ဒီရေရောက်တောများက ပေးစွမ်းသည်။

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်ရှိ ဒီရေရောက်သစ်တောများမှ ပုစွန်ထုတ်လုပ်နိုင်မှုသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ စီးပွားဖြစ် ပုစွန်ထုတ်လုပ်မှု၏ ၇၅ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။

မလေးရှားနိုင်ငံ မာတန်မြို့ရှိ ဒီရေရောက် သစ်တောများသည် ဒေသခံပြည်သူများအား အကျိုးဖြစ်ထွန်းစေသည်။ ယင်းနိုင်ငံရှိ ဒီရေရောက် သစ်တောနယ်မြေများ၏ စီးပွားရေးအရ အကျိုးဖြစ်ထွန်းမှုမှာ တစ်နှစ်လျှင် တစ်စတုရန်းကီလိုမီတာလျှင် အမေရိကန် ဒေါ်လာ သန်း ၁၀၀ဖိုးဖြစ်သည်။ **အင်တာနက်။**

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်တို့ မင်းတပ်-မတူပီကတ္တရာလမ်း မှခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အပိုင်းက တာဝန်ကျေကျေအစွမ်းကုန်လိုအပ်
ထူထောင်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏
အနေကောင်းများကို ချင်းပြည်နယ်မှ ပြည်
အသုံးချပြီး မိသားစုဝင်ငွေတိုးတက်ရေး၊ ပြည်
ကြိုးကြိုးစားစား ဆောင်ရွက်သွားကြရန်ပင်

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ ယ
အဆင့်မြှင့်ဖောက်လုပ်ဖွင့်လှစ်နိုင်ခြင်းကြောင့်
အခက်အခဲအမျိုးမျိုးဖြင့် ရင်ဆိုင်ရပြီး ၅ ရက်
ခြောက်နာရီခန့်ဖြင့် သွားလာနိုင်ပြီဖြစ်သကဲ့သို့
လည်း နေ့ချင်းပေါက် အန္တရာယ်အနည်းဆုံး

ထို့အပြင် မင်းတပ်-မတူပီလမ်းသည်
အသွယ်ပြတ်နေပြီဖြစ်သော်လည်း ယခုအခါ
လိုင်းကားအပြင် မတူပီနှင့်ပခုက္ကူကို နေ့စဉ် လို
အမြဲတမ်း သွားလာနေပြီဖြစ်သည့်အတွက်
ရှစ်ရပ်ကွက်၊ ကျေးရွာ ၉၅အုပ်စု၊ ကျေးရွာပေါ
၉၀၀၀၀ နီးပါးအတွက် စီးပွားရေး၊ လူမှု
အဆင့်မြင့်မား တိုးတက်လာတော့မည်ဖြစ်

အထူးမှာကြားလိုသည်မှာ ချင်းပြည်နယ်မှ
၏ စီးပွားရေးတိုးတက်အောင်၊ နိုင်ငံရေးရည်မှန်
အောင် အသိစိတ်ဓာတ်ရှိရှိ၊ ပြည်ထောင်စုစိတ်
အကောင်အထည်ဖော်သွားကြပါ။ ယခုဖောက်
ဒေသခံပြည်သူများအနေဖြင့် ပျက်စီးယိုယွင်း
ထိန်းသိမ်းစောင့်ရှောက်ပေးကြရန် တိုက်တွန်းမှာ
သည်။

ယင်းနောက် စစ်ကိုင်းတိုင်း အေးချမ်းသာ
ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်

အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်အ
လမ်းမကြီးလေးသွယ်ရှိကြောင်း၊ ၎င်းတို့မှာ ဟာ
မတူပီလမ်း၊ကလေး-ဖလမ်း-ဟားခါးလမ်း၊မင်း

ယင်းလမ်းများထဲက ယနေ့ဖွင့်လှစ်မည့်
၁၀၂မိုင်သည် ချင်းပြည်နယ်(တောင်ပိုင်း)
ကတ္တရာလမ်းအပြည့် ဖောက်လုပ်ပြီးစီးပြီဖြ
လမ်းသည် ၁၉၅၅ခုနှစ်က စတင်ဖောက်လုပ်
မြေလမ်းအဖြစ်သာရှိခဲ့ပြီး ပွင့်လင်းရာသီတွင်
ဖြစ်ကြောင်း၊ လမ်းအကျယ်သည်လည်း ၁၆ပေ
မတ်စောက်ကာ အန္တရာယ်ကြီးမားစွာဖြင့် ခက်
လမ်းဖြစ်ကြောင်း။

မင်းတပ်-မတူပီလမ်းကို ၂၀၀၄-၂၀၀
လမ်းဖောက်လုပ်ရေးအဖွဲ့များဖြစ်သော မ
လုပ်ရေးလုပ်ငန်းအဖွဲ့၊ ရန်ကုန်-မန္တလေး အ
ဖောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၂)၊ လ
အထူးအဖွဲ့(၁၆)တို့ဖြင့် အပိုင်းအလိုက် တာဝ
မင်းတပ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်
မတူပီလမ်းမိုင်(၀/၀) မှ (၂၀/၀)အထိလည်
အမြန်လမ်းစီမံကိန်းအဖွဲ့အနေဖြင့် မင်းတပ်-
၀)အထိလည်းကောင်း၊ လမ်းဖောက်လုပ်ရေးစီ
မင်းတပ်-မတူပီလမ်း မိုင်(၇၀/၀)မှ (၈၀/
ဖောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၆)အနေ
(၈၈/၀)မှ (၁၀၂/၀)အထိလည်းကောင်း
အမာခံကျောက်လမ်းခင်းခြင်း၊ ရေထုတ်ပြွန်
ဆောင်ရွက်ခဲ့ကြကြောင်း၊ ကတ္တရာခင်းခြင်း
အပိုင်းလိုက် ဆောင်ရွက်ခဲ့ကြကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏လမ်
များကိုကျော်လွှားပြီး စွမ်းစွမ်းတမံ ဆောင်ရွ
ရေးအဖွဲ့များကို အထူးကျေးဇူးတင်ရှိပါကြော
ဒေသခံပြည်သူများအားလုံးကလည်း လမ်း
အတွက် ဝိုင်းဝန်းထိန်းသိမ်း အသုံးပြု
ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာ
အမှာစကားပြောကြားရာတွင် နိုင်ငံတော်အ

အပိုင်းက တာဝန်ကျေကျေအစွမ်းကုန်လိုအပ်သော အခြေခံအုတ်မြစ်များကို ထူထောင်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ ဖန်တီးပေးထားသည့် အခြေအနေကောင်းများကို ချင်းပြည်နယ်မှ ပြည်သူများက ထိထိရောက်ရောက် အသုံးချပြီး မိသားစုဝင်ငွေတိုးတက်ရေး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးကြိုးစားစား ဆောင်ရွက်သွားကြရန်ပင် လိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ ယခုကဲ့သို့ မင်းတပ်-မတူပီလမ်းကို အဆင့်မြှင့်ဖောက်လုပ်ဖွင့်လှစ်နိုင်ခြင်းကြောင့် ယခင်က မင်းတပ်နှင့်မတူပီကို အခက်အခဲအမျိုးမျိုးဖြင့် ရင်ဆိုင်ရပြီး ၅ ရက်နီးပါးသွားခဲ့ရာမှ ယခုအချိန်တွင် ခြောက်နာရီခန့်ဖြင့် သွားလာနိုင်ပြီဖြစ်သကဲ့သို့ မတူပီမှ မင်းတပ်၊ ပခုက္ကူအထိကိုလည်း နေ့ချင်းပေါက် အန္တရာယ်အနည်းဆုံးဖြင့် သွားလာနိုင်ပြီဖြစ်ကြောင်း။

ထို့အပြင် မင်းတပ်-မတူပီလမ်းသည် ယခင်က မိုးတွင်းတွင် အဆက်အသွယ်ပြတ်နေပြီဖြစ်သော်လည်း ယခုအခါ မင်းတပ်-မတူပီလမ်းကို ပုဂ္ဂလိကလိုင်းကားအပြင် မတူပီနှင့်ပခုက္ကူကို နေ့စဉ် လိုင်းကားရှစ်စီးသည် တစ်နေ့နှစ်စီးအမြဲတမ်း သွားလာနေပြီဖြစ်သည့်အတွက် ဤမြို့နယ်နှစ်ခုက ရပ်ကွက်ရှစ်ရပ်ကွက်၊ ကျေးရွာ ၉၅အုပ်စု၊ ကျေးရွာပေါင်း ၂၀၃ရွာက ဒေသခံပြည်သူ ၉၀၀၀၀ နီးပါးအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အဆင့်မြင့်မား တိုးတက်လာတော့မည်ဖြစ်ကြောင်း။

အထူးမှာကြားလိုသည်မှာ ချင်းပြည်နယ်မှပြည်သူများကလည်း နိုင်ငံတော်၏ စီးပွားရေးတိုးတက်အောင်၊ နိုင်ငံရေးရည်မှန်းချက်များ ပြီးမြောက်အောင်မြင်အောင် အသိစိတ်ဓာတ်ရှိရှိ၊ ပြည်ထောင်စုစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်သွားကြပါ။ ယခုဖောက်လုပ်ပြီးစီးခဲ့သည့် လမ်းပိုင်းကို ဒေသခံပြည်သူများအနေဖြင့် ပျက်စီးယိုယွင်းမသွားရလေအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက

အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်အတွင်း၌ အဓိကဆက်သွယ်သည့် လမ်းမကြီးလေးသွယ်ရှိကြောင်း၊ ၎င်းတို့မှာ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်း၊ကလေး-ဖလမ်း-ဟားခါးလမ်း၊မင်းတပ်-မတူပီလမ်းတို့ဖြစ်ကြောင်း။

ယင်းလမ်းများထဲက ယနေ့ဖွင့်လှစ်မည့် မင်းတပ်-မတူပီကတ္တရာလမ်း ၁၀၂မိုင်သည် ချင်းပြည်နယ်(တောင်ပိုင်း)မင်းတပ်မြို့မှ မတူပီမြို့အထိ ကတ္တရာလမ်းအပြည့် ဖောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း၊ မင်းတပ်-မတူပီလမ်းသည် ၁၉၅၅ခုနှစ်က စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၈၈ခုနှစ်မတိုင်မီအထိ မြေလမ်းအဖြစ်သာရှိခဲ့ပြီး ပွင့်လင်းရာသီတွင်သာ သွားလာနိုင်သည့် လမ်းဖြစ်ကြောင်း၊ လမ်းအကျယ်သည်လည်း ၁၆ပေခန့်သာရှိခဲ့ပြီး ကမ်းပါးယံများ မတ်စောက်ကာ အန္တရာယ်ကြီးမားစွာဖြင့် ခက်ခက်ခဲခဲ သွားလာအသုံးပြုရသည့် လမ်းဖြစ်ကြောင်း။

မင်းတပ်-မတူပီလမ်းကို ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း လမ်းဖောက်လုပ်ရေးအဖွဲ့များဖြစ်သော မင်းတပ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့၊ ရန်ကုန်-မန္တလေး အမြန်လမ်းစီမံကိန်းအဖွဲ့၊ လမ်းဖောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၂)၊ လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၆)တို့ဖြင့် အပိုင်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြကြောင်း၊ မင်းတပ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအဖွဲ့အနေဖြင့် မင်းတပ်-မတူပီလမ်းမိုင်(၀/၀) မှ (၂၀/၀)အထိလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းစီမံကိန်းအဖွဲ့အနေဖြင့် မင်းတပ်-မတူပီလမ်းမိုင်(၂၀/၀ မှ ၇၀/၀)အထိလည်းကောင်း၊ လမ်းဖောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၂)အနေဖြင့် မင်းတပ်-မတူပီလမ်း မိုင်(၇၀/၀)မှ (၈၀/၀)အထိ လည်းကောင်း၊ လမ်းဖောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၆)အနေဖြင့် မင်းတပ်-မတူပီလမ်း မိုင်(၈၈/၀)မှ (၁၀၂/၀)အထိလည်းကောင်း တာဝန်ယူ၍ လမ်းတာချဲ့ခြင်း၊ အမာခံကျောက်လမ်းခင်းခြင်း၊ ရေထုတ်ပြွန်များ တည်ဆောက်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းကိုလည်း အဖွဲ့လိုက် အပိုင်းလိုက် ဆောင်ရွက်ခဲ့ကြကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အခက်အခဲများကိုကျော်လွှားပြီး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် လမ်းဖောက်လုပ်ရေးအဖွဲ့များကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အသုံးပြုသွားလာကြမည့် ဒေသခံပြည်သူများအားလုံးကလည်း လမ်းရေရှည်တည်တံ့ကောင်းမွန်ရေး အတွက် ဝိုင်းဝန်းထိန်းသိမ်း အသုံးပြု ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ချင်းပြည်နယ် မင်းတပ်-မတူပီ ကတ္တရာလမ်း ၁၀၂ မိုင် ဖွင့်ပွဲအခမ်းအနားတွင် မြေထိန်းကျောက်နံရံများ တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အရ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို အထူးအလေးထား ဆောင်ရွက်ချက်အနေဖြင့် မင်းတပ်-မတူပီကတ္တရာလမ်း ၁၀၂မိုင်ကို ယနေ့ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

၁၉၈၈ခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် တစ်နိုင်ငံလုံး လမ်းမိုင်ပေါင်း ၁၃၆၃၅မိုင်သာရှိရာက ယခုဆိုလျှင် ၁၉၀၂၁မိုင်ရှိလာပြီဖြစ်၍ ၅၃၈၅မိုင် တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း၌ ဆိုလျှင်လည်း ယခင်က၆၉၅မိုင်သာရှိပြီး ယခုဆိုလျှင် ၁၀၆၂မိုင်ရှိလာပြီဖြစ်၍ ၃၆၇မိုင် တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ကာ ယခင်က ကတ္တရာလမ်းမိုင် ၄၀သာရှိခဲ့ရာ ယခုဖွင့်လှစ်သည့် မင်းတပ်-မတူပီလမ်းပါဆိုလျှင် ကတ္တရာလမ်း စုစုပေါင်း မိုင် ၂၅၀ အထိ ရှိလာပြီဖြစ်ကြောင်း။

ချင်းပြည်နယ်၌ အဓိကလမ်းမကြီး လေးလမ်းရှိရာ ယင်းလမ်းများမှာ ဟားခါး-ဂန့်ဂေါလမ်း (ကတ္တရာ၁၄မိုင်+ကျောက်လမ်း ၅၆ မိုင်) စုစုပေါင်း မိုင်၇၀၊ ဟားခါး-မတူပီလမ်း(ကတ္တရာ ၂မိုင်+ကျောက်လမ်း၃၆မိုင်+ မြေလမ်း ၁၃၅မိုင်) စုစုပေါင်း ၁၇၃မိုင်၊ ကလေး-ဖလမ်း-ဟားခါးလမ်း(ကတ္တရာ၉၅မိုင်+ ကျောက်လမ်း မိုင် ၂၀) စုစုပေါင်း ၁၁၅မိုင်၊ မင်းတပ်-မတူပီလမ်း(ကတ္တရာ ၁၀၂မိုင်) စုစုပေါင်း၁၀၂မိုင်တို့ပင်ဖြစ်ကြောင်း။

နိုင်ငံတော်ကချမှတ်ပေးသည့်မူအရ ယခုနှစ်ကစ၍ လမ်းနှစ်ဖြစ်သည်နှင့်အညီ ကျန်လမ်းမကြီးများကိုလည်း မြေလမ်းကနေ အမာခံလမ်း၊ အမာခံလမ်းကနေ ကျောက်ချောလမ်း၊ ကျောက်ချောလမ်းကနေ ကတ္တရာလမ်းအဖြစ် အဆင့်ဆင့် တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဟားခါး-ဂန့်ဂေါလမ်းကိုလည်း ယခု မင်းတပ်-မတူပီလမ်းကဲ့သို့ပင် ရာသီမရွေး သွားလာနိုင်အောင် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ရန် ယခုကပင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

လမ်းနှစ်ဖြစ်၍ လမ်းကို ဦးစားပေးဆောင်ရွက်မည်ဖြစ်သော်လည်း တံတားလုပ်ငန်းများကိုလည်း လိုအပ်ချက်ပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအခါ ကလေး-ဖလမ်း-ဟားခါးလမ်းပေါ်၌ ရှိသည့် ဗားရ်တံတားကို ဘေလီတံတားအဆင့်က သံမဏိသံပေါင်တံတားအဖြစ် အဆင့်မြှင့်ဆောင်ရွက်လျက်ရှိရာ မကြာမီ ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း၊ မင်းတပ်-မတူပီ လမ်းပေါ်၌ရှိသည့် တံတားများကိုလည်း တဖြည်းဖြည်း အဆင့်မြှင့် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း။

ယနေ့ မင်းတပ်-မတူပီကတ္တရာလမ်း ၁၀၂ မိုင်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်၍ ယခင်က ၅ ရက်နီးပါးသွားရသည့်ခရီးကို ယခု ၆ နာရီဖြင့် အရောက်သွားနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်(တောင်ပိုင်း)၌ ရှိသည့် တိုင်းရင်းသားပြည်သူများအနေဖြင့် စီးပွားရေး၊လူမှုရေး၊ကျန်းမာရေး၊ ပညာရေးတို့ အဆင့်မြင့်မားတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် ယခုဖွင့်လှစ်ပေးခဲ့သော မင်းတပ်-မတူပီလမ်းမကြီး မပျက်စီးဘဲ ရေရှည်အသုံးပြုနိုင်အောင် အားလုံးက အသိရှိရှိဖြင့် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ချင်းပြည်နယ် မင်းတပ်-မတူပီကတ္တရာလမ်း ၁၀၂ မိုင် ဖွင့်ပွဲအခမ်းအနားတွင် ဒေသခံ တိုင်းရင်းသားပြည်သူများကိုယ်စား တိုင်းရင်းသားပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် မင်းတပ်-မတူပီ ကတ္တရာလမ်းကို ဖောက်လုပ်ပေးသဖြင့် နိုင်ငံတော်အား ကျေးဇူးတင်ရှိပါကြောင်းကို ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား တိုင်းရင်းသားပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဧည့်သည်တော်များသည် မင်းတပ်-မတူပီလမ်းဖွင့်ပွဲ ကမ္ပည်းမော်ကွန်းကျောက်စာတိုင် ဖွင့်လှစ်မည့်နေရာသို့ သွားရောက်နေရာယူပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မင်းတပ်-မတူပီလမ်း ဖွင့်ပွဲကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ မင်းတပ်-မတူပီ ကတ္တရာလမ်း မုခ်ဦး(၁) အပိုင်းကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် အဖွဲ့ဝင်များသည် လမ်းဖွင့်ပွဲမုခ်ဦး၌ တိုင်းရင်းသား ပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖွင့်လှစ်လိုက်သော မင်းတပ်-မတူပီ ကတ္တရာလမ်းကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကာ လမ်းဖွင့်ပွဲအပိုင်း(၂) ဆက်လက်ကျင်းပမည့် မင်းတပ်-မတူပီကတ္တရာလမ်း မိုင်တိုင်အမှတ်(၇၀/၀)သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်သွားရောက်ကြသည်။

ယင်းနောက် မင်းတပ်-မတူပီ ကတ္တရာလမ်း ၁၀၂ မိုင် မုခ်ဦး(၂) ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀နာရီ မိနစ် ၂၀တွင် မိုင်တိုင် (၇၀/၀)မုခ်ဦး(၂)၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ် စောထွန်းနှင့် ချင်းပြည်နယ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်တို့က ဖဲကြိုးဖြတ်၍ မုခ်ဦး(၂)ကို ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လမ်းကိုကြည့်ရှုစစ်ဆေးကြပြီး ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် အဖွဲ့ဝင်များသည် ဆက်လက်ဖွင့်လှစ်မည့် မင်းတပ်-မတူပီကတ္တရာလမ်း မိုင်တိုင် (၅၆/၀)ရှိ မုခ်ဦး(၃)သို့ ထွက်ခွာကြသည်။

ထို့နောက် မင်းတပ်-မတူပီ ကတ္တရာလမ်း မုခ်ဦး(၃) ဖွင့်ပွဲအခမ်းအနားသို့ နံနက် ၁၁နာရီတွင် မိုင်တိုင် အမှတ် (၅၆/၀)တွိဒိန်ကျေးရွာရှိ မုခ်ဦး(၃)ရှေ့၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ချင်းပြည်နယ် ဒုတိယဥက္ကဋ္ဌဗိုလ်မှူးကြီး ဆန်းအောင်တို့က မုခ်ဦး(၃)ကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မုခ်ဦး(၃)ရှေ့တွင် ဒေသခံ တိုင်းရင်းသား ပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး မင်းတပ်-မတူပီကတ္တရာလမ်း ၁၀၂ မိုင် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖွင့်လှစ်လိုက်သော မင်းတပ်-မတူပီ ကတ္တရာလမ်းသည် အရှည် ၁၀၂မိုင်ရှိပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုင်တိုင် (၀/၀)မှ (၅၀/၀)အထိကို ကတ္တရာလမ်း ဖွင့်လှစ်ခဲ့ပြီး ယခု ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ကျန်ရှိသော မိုင်တိုင် (၅၀/၀) မှ (၁၀၂/၀)အထိ ကတ္တရာလမ်း ၅၂မိုင်ကို ဆက်လက် ဖွင့်လှစ်ခဲ့ရာ မင်းတပ်-မတူပီ ကတ္တရာလမ်း ၁၀၂မိုင်လုံးကို ဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်သည်။

အဆိုပါ မင်းတပ်-မတူပီကတ္တရာလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန မင်းတပ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းစီမံကိန်းအဖွဲ့၊လမ်းဖောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့ (၁၂)နှင့် (၁၆) မတူပီမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့က အပိုင်းအလိုက် တာဝန်ယူ ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မတူပီမြို့၌ ညအိပ် ရပ်နားကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၇-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၅ ၆။ ကုန်စည်တိုးပွား တွံတေးတံတား
- ၈:၁၅ ၇။ အတီးပြိုင်ပွဲ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၅၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆည်းဆာ" (အပိုင်း-၈)**
- ၁:၂၅ ၇။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
- ၁:၃၅ ၈။ **"လောကရဲ့အလှရတနာ" (ရဲအောင်၊မေသဥ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ချစ်စနိုးဦး၊ ချောရတနာ၊မေကဗျာ)**
- ၁:၅၀ ၉။ အတီးပြိုင်ပွဲ
- ၂:၀၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂:၂၀ ၁၁။ အမြဲစိမ်းနေမည့် အမြဲစိမ်းရော်ဘာခြံ
- ၂:၃၀ ၁၂။ **"နင်းကြည့်စမ်းပါ" (မင်းအုပ်စိုး၊ညီဘွား၊ခင်စိုးပိုင်) [ဒါရိုက်တာ-မင်းအုပ်စိုး]**
- ၂:၄၀ ၁၃။ နတ်သားတောရေလှောင်တမံ
- ၂:၄၅ ၁၄။ International News.
- ၃:၀၀ ၁၅။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တေးဂီတအစီအစဉ်
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၅:၀၀ ၅။ အတီးပြိုင်ပွဲ
- ၅:၁၅ ၆။ တေးဂီတအစီအစဉ်
- ၅:၃၀ ၇။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ **Discovery**
- ၆:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၇:၀၀ ၁၂။ ရထိုက်အုတ်စက်(မူဆယ်)
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖြူစင်မေတ္တာ"(အပိုင်း-၁၅)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာပန်းတိုင်" (အပိုင်း-၃)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

မလှိုင်မြို့နယ် ကျောက်တန်းစံပြကျေးရွာ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့် စာကြည့်တိုက်နှင့် တယ်လီဖုန်းရုံးဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၂၁

မန္တလေးတိုင်း မလှိုင်မြို့နယ် ကျောက်တန်းစံပြကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကို ဇူလိုင် ၁၄ ရက် ညနေ ၃ နာရီခွဲက အဆိုပါ ကျေးရွာလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မလှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးသိန်းက ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးက ကျောက်တန်းစံပြကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ပြုအမှာစကားပြောကြားပြီး ဒေသခံပြည်သူများ ကိုယ်စား ကျောက်တန်းစံပြကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးသန်းဆောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကျောက်တန်းစံပြကျေးရွာမှ ရပ်မိရပ်ဖ ဦးစိုးမြိုင်က ကျေးလက်ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ကျောက်တန်းစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအတွက် အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မိတ္ထီလာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှုတင်၊ မလှိုင်မြို့နယ် ဥက္ကဋ္ဌ ဦးမျိုးသန့်၊ စက်ရုံ တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတို့က စက်ရုံဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက စက်ခလုတ်နှိပ် မီးလင်းပေးကာ ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကျောက်တန်း စံပြကျေးရွာ ဇီဝဓာတ်ငွေ့ဓာတ်အားပေး စက်ရုံအား မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ မြင်းကောင်ရေ ၂၅ ကောင်ရှိ အင်ဂျင်စက်တစ်လုံး၊ ၁၁ ကေဗွီ အေဒိုင်နမိုတစ်လုံး၊ သံချောင်းနှင့် ဘိလပ်မြေများ ကူညီပံ့ပိုးခဲ့ပြီး ပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၄၅ သိန်း၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၅၅ သိန်းဖြင့် တည်ဆောက်ခဲ့ပြီး ကျေးရွာအတွင်း စေတီ၊ ဘုန်းတော်ကြီးကျောင်း၊ ရုံး၊ ဆေးရုံ၊ လမ်းမီးနှင့် နေအိမ်များ၌ စုစုပေါင်း နှစ်ပေ မီးချောင်း ၃၀၄ ချောင်းကို မီးလင်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းမှူးသည် ကျောက်တန်း စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းသို့ သွားရောက်၍ တိုင်းမှူးနှင့် ဇနီးတို့က ကလေးငယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျောက်တန်းစံပြကျေးရွာ၊ သုတမြတ်မွန် စာကြည့်တိုက်နှင့် အများသုံး တယ်လီဖုန်းရုံးဖွင့်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ မလှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရွှေနန်းက သုတမြတ်မွန် စာကြည့်တိုက်နှင့် အများသုံး တယ်လီဖုန်းရုံးနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မိတ္ထီလာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှုတင်၊ မိတ္ထီလာခရိုင်အသင်း အလုပ်အမှုဆောင် ဦးခင်မောင်ဇော်နှင့် သုတမြတ်မွန်စာကြည့်တိုက်နှင့် အများသုံး တယ်လီဖုန်းရုံးကော်မတီအဖွဲ့ဝင် ဦးဘိုငယ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက သုတမြတ်မွန် စာကြည့်တိုက်အတွက် သုတရသ စာအုပ်နှင့် ဂျာနယ်အုပ်ရေ ၂၀၀ တို့ကို ပေးအပ်လှူဒါန်းပြီး တိုင်းမှူးနှင့် အဖွဲ့သည် စာကြည့်တိုက်နှင့် အများသုံး တယ်လီဖုန်းရုံးအား လှည့်လည်ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျောက်တန်းစံပြ ကျေးရွာ တိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူး၏ ဇနီးက ဆေးရုံတက်လူနာ ၄၇ ဦးအား ထောက်ပံ့ငွေများပေးအပ်ပြီး ဆေးရုံ ဆေးပဒေသာပင်အတွက် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် တစ်သိန်းစီ ပေးအပ်လှူဒါန်းကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးသည် ဆေးရုံဝင်း အတွင်းရှိ ခရစ်စည်းရိုးကြက်ဆူ တစ်အုပ်တစ်မစိုက်ကွင်း ၁၃သမ၅ ဧက စိုက်ပျိုးဖြစ်ထွန်းမှုကို ကြည့်ရှု၍ ကျောက်တန်းစံပြကျေးရွာ ခရစ်စည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကာ သတ်မှတ်နေရာများတွင် ခရစ်စည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးပြီးနောက် လူမှုရေးအသင်း အဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ ခရစ်စည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မလှိုင်မြို့နယ် ကျောက်တန်းစံပြကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် စာသင်ခုံများလှူဒါန်း၊ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီခွဲတွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့သို့ရောက်ရှိပြီး ရန်ကြီးအောင်ခန်းမ၌ ကျင်းပသော ရွှေဘိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ စာသင်ခုံများလှူဒါန်းပွဲနှင့် ဖြိုးမေတ္တာ လယ်ယာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစုမှ အသင်းဝင်တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးသည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး စာသင်ခုံများပေးအပ်လှူဒါန်းကာ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးသည်။

အခမ်းအနားသို့ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်နှင့် ရွှေဘို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်များ၊ ဆရာဆရာမများ၊ စပါးစိုက်ပျိုးသည့် တောင်သူများ တက်ရောက်ကြသည်။

ပေးအပ်

ဆက်လက်၍ ဗဟိုအလုပ် အမှုဆောင်က စပါးစိုက်တောင်သူများ အနေဖြင့် ငွေကြေးအတွက် စိုးရိမ်ရခြင်းမရှိဘဲ အချိန်မီစိုက်ပျိုးစေနိုင်ရေးအတွက် အသင်းကြီးက အတိုးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးစရိတ် ငွေထုတ်ချေးရခြင်းဖြစ်ကြောင်းနှင့် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်သည် ရွှေဘိုမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်း ၁၂ ကျောင်းအတွက် ရပ်ပိုင်ပိုတိုင်းရင်းဆေးတိုက် ဦးဘိုကြီးမိသားစုမှ လှူဒါန်းသော စာသင်ခုံ ၇၁ ခုံအတွက် ကျသင့်ငွေကျပ် ၅၆၈၀၀၀ ကို လက်ခံ၍ သက်ဆိုင်ရာကျောင်းအုပ်ကြီးများသို့ စာသင်ခုံများကို ပေးအပ်သည်။ ဆက်လက်၍ ရွှေဘိုမြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူ ၂၇၆ ဦးအတွက် စိုက်ပျိုးစရိတ်ငွေကျပ် သိန်း ၁၅၀ ကို ကျေးရွာအုပ်စုအလိုက် တောင်သူလယ်သမားကိုယ်စားလှယ်များသို့ ပေးအပ်သည်။

တက်ရောက်

ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီတွင် ကန့်ဘလူမြို့နယ် ဇီးကုန်းကျေးရွာသို့ ရောက်ရှိပြီး အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသော စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲနှင့် ဖြိုးမေတ္တာ လယ်ယာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစုမှ အသင်းဝင်တောင်သူများသို့ စိုက်ပျိုးစရိတ် ငွေများထုတ်ပေးသည့် အခမ်းအနားသို့တက်ရောက်၍ ကန့်ဘလူမြို့နယ်ရှိ မူလတန်းကျောင်း ၁၃ ကျောင်းအတွက် စာသင်ခုံ ၈၁ ခုံ၊ ကျွန်းလှမြို့နယ်ရှိ မူလတန်းကျောင်း ၁၅ ကျောင်းအတွက် စာသင်ခုံ ၇၄ ခုံနှင့် ဗလာစာအုပ်များ၊ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ် အမှုဆောင်က ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၂ အုပ်စုမှ တောင်သူ ၁၈၀အတွက် စိုက်ပျိုးစရိတ်ငွေ ကျပ်သိန်း ၉၀ နှင့် ကျွန်းလှမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူ ၁၀၀ အတွက် စိုက်ပျိုးစရိတ်ငွေကျပ်သိန်း ၂၀ ကို ကျေးရွာအုပ်စုအလိုက် ကိုယ်စားလှယ်များသို့ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းသို့ သွားရောက်ပြီး အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် အခြေခံပညာ မူလတန်းကျောင်းများသို့ စာသင်ခုံလှူဒါန်းပွဲနှင့် ဖြိုးမေတ္တာ လယ်ယာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစုမှ အသင်းဝင်တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးခြင်း အခမ်းအနားသို့ တက်ရောက်၍ ခင်ဦးမြို့နယ်အတွင်းရှိ မူလတန်းကျောင်း ၁၂ ကျောင်းအတွက် စာသင်ခုံ ၆၈ ခုံနှင့် အားကစားပစ္စည်းများ၊ ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ရွှေဘိုမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း ၁၂ ကျောင်းအတွက် ဦးဘိုကြီးမိသားစုက လှူဒါန်းသောစာသင်ခုံများကို ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းစဉ်။ (အား/ကာ)

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ငါးစုမှ တောင်သူ ၄၃၀ အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ၁၅၀ ကို အုပ်စုခေါင်းဆောင်များသို့ ပေးအပ်ပြီး တောင်သူတစ်ဦးချင်းစီသို့ ငွေထုတ်ချေးပေးနေမှုကို ကြည့်ရှုအားပေးကာ တောင်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ရေဦးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည့် အခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံများပေးအပ်လှူဒါန်းပွဲနှင့် ဖြိုးမေတ္တာ လယ်ယာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစုမှ အသင်းဝင် တောင်သူများအား စိုက်ပျိုးစရိတ်ငွေ ထုတ်ချေးသည့် အခမ်းအနားသို့ တက်ရောက်ပြီး ရေဦးမြို့နယ်အတွင်းရှိ မူလတန်းကျောင်း ၁၆ ကျောင်းအတွက် စာသင်ခုံ ၇၉ ခုံနှင့် ဗလာစာအုပ်များ၊ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ရေဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တောင်သူ ၅၃၀ အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ၁၆၀ ကို ကျေးရွာအုပ်စုခေါင်းဆောင်များသို့ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆက်သွယ်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ကမ္ဘာ့ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေး နည်းဗျူဟာအဖွဲ့အစည်းနှင့် အာရှ သဘာဝဘေး ကာကွယ်ရေးဗဟိုဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ပူးပေါင်းစီစဉ် ကျင်းပသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆက်သွယ်ရေးအလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ရက် နံနက် ၉နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ဂရင်းပလာဇာပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်း၊ တက္ကသိုလ်နှင့် ကျောင်းများမှ ဌာနအကြီးအကဲများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ သံရုံးယာယီ တာဝန်ခံ၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ကုလ သမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်များမှ တာဝန်ရှိ သူများ၊ မြန်မာနိုင်ငံမှ သဘာဝဘေး ကာကွယ်ရေး ဆောင်ရွက်နေသော ပုဂ္ဂိုလ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဒေသခံ ကိုယ်စားလှယ်များနှင့် စာနယ်ဇင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှသဘာဝဘေး ကာကွယ်ရေး ဗဟိုဌာနမှ ပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အာရှသဘာဝဘေး ကာကွယ်ရေး ဗဟိုဌာနမှ ပညာရှင်များ က ဦးဆောင်ဆွေးနွေးပြီး တက်ရောက် လာကြသော ကိုယ်စားလှယ်များက မိမိတို့ဒေသတွင် ဖြစ်ပေါ်တတ်သည့် သဘာဝဘေးများနှင့် ပတ်သက် ကြိုတင် ပြင်ဆင်ထားရှိမှုများ၊ သဘာဝဘေး ကျရောက်စဉ်နှင့် ကျရောက်ပြီးနောက် ဆောင်ရွက်မှု အခြေအနေများ၊ လက်ရှိ သတိပေးစနစ်၏ ဟာကွက်များ၊ လိုအပ်ချက်များ၊ပြုပြင်သင့်သည့်အချက် များ၊အထူးသဖြင့်သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးချက်များ ထုတ်ပြန်ရာ တွင် အဓိကကျသည့် ဆက်သွယ်ရေး ဆိုင်ရာ ထိရောက်မှုနည်းလမ်းများကို ဆွေးနွေးကြသည်။ အာရှ သဘာဝဘေး ကာကွယ်ရေး ဗဟိုဌာန၏ လုပ်ငန်း အကောင်အထည်ဖော်ရေး ဦးဆောင် ကော်မတီကို ၂၀၀၆ ခုနှစ် ဇူလိုင်၁၄ရက် တွင်ဖွဲ့စည်းခဲ့ရာမိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်ဦးထွန်းလွင်သည် နှစ်နှစ်တာကာလ အတွက်ဥက္ကဋ္ဌအဖြစ်ရွေးချယ်တင်မြှောက် ခြင်း ခံခဲ့ရသည်။ (သတင်းစဉ်)

ဇူလိုင် ၂၁ရက်က အီဂျစ်သမ္မတနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Mohamed Mohamed Minessy နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆက်သွယ်ရေးအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကလေးသူငယ် ကင်ဆာရောဂါ အသိပညာပေး ဟောပြောကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့က ကြီးမှူးကျင်းပသည့် ကလေး သူငယ်ကင်ဆာရောဂါများနှင့် မျိုးပွား အင်္ဂါဆိုင်ရာ ကင်ဆာရောဂါအကြောင်း အသိပညာပေးဟောပြောပွဲနှင့် အဆိုပြု လွှာ ပေးအပ်ပွဲအခမ်းအနားကို ယမန် နေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြောက် ပိုင်းခရိုင် ရွှေပြည်သာစက်မှုဇုန် ကနောင် ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက် အမှာစကား ပြောကြားပြီး ရန်ကုန် မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောရွှေ ပေးအပ်သော ရာသက်ပန်အသင်းဝင်အဆိုပြုလွှာများ ကို လက်ခံသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဝင် တိုင်းကျန်းမာရေးအရာရှိ ကလေးအထူးကုဆရာဝန်ကြီးဒေါက်တာ ဒေါ်ခင်စောရီက ကလေးသူငယ် ကင်ဆာရောဂါနှင့် ပတ်သက်၍ လည်း ကောင်း၊ အင်းစိန်မြို့နယ် ပြည်သူ့ဆေးရုံ မှ သားဖွားနှင့် မီးယပ်အထူးကုဆရာ ဝန်ကြီး ဒေါက်တာဒေါ်အေးအေးရွှေက မျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါနှင့် ပတ်သက်၍လည်းကောင်း ပညာပေး ဟောပြောကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင် များသည် ရွှေပြည်သာမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းသို့ သွားရောက်ကြည့်ရှု ကြပြီး သားဖွားမိခင်များနှင့် ကိုယ်ဝန် ဆောင်မိခင်များအား ထောက်ပံ့ငွေများ နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြ သည်။

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ပန်းစက်မှု ဇုန် မူလတန်းကြိုကျောင်းသို့ ရောက်ရှိ ပြီး ရင်သွေးငယ်ကလေးများအား ကလေးဆောင်းထီးများကို ပေးအပ် ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အိမ်ရှင်ဖြစ်ရေး ဗြိတိန်နှင့် ဂျာမနီ အပြိုင်အဆိုင် ကြိုးပမ်း

လန်ဒန် ဇူလိုင် ၂၁

၂၀၀၈ခုနှစ် သို့မဟုတ် ၂၀၀၉ခုနှစ် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အသစ်တည်ဆောက်ထားသော အင်္ဂလန်နိုင်ငံမှ ဝင်ဘလေအားကစားရုံကြီး၊ သို့မဟုတ် ပြီးခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကျင်းပခဲ့ရာ ဘာလင် အိုလံပီယာစတေဒီယန် အားကစားရုံကြီး၌ ကျင်းပနိုင်ရန် ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့ အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိကြောင်း ဇူလိုင် ၂၀ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ) အလုပ်အမှုဆောင်ကော်မတီ သည် လာမည့်အောက်တိုဘာလအစောပိုင်းတွင် ဆလိုဗေးနီးယားနိုင်ငံ လျူဂျာနာ မြို့၌ အစည်းအဝေးပြုလုပ်သည့်အခါ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပမည့်နေရာကို ရွေးချယ်နိုင်ရန် ဆုံးဖြတ်ပေးရမည်ဖြစ်သည်။

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အိမ်ရှင်အဖြစ် ရောမမြို့ရှိ စတေဒီယိုအိုလင်ပီကိုကွင်း သို့မဟုတ် မော်စကိုမြို့ရှိ လူဇာနီကီအားကစားရုံတွင် ကျင်းပခွင့်ရရှိရေးအတွက် အီတလီနိုင်ငံနှင့်ရုရှားနိုင်ငံတို့ကလည်း အပြိုင်အဆိုင် အမည်စာရင်းတင်သွင်းထားသည်။ **အင်တာနက်။**

ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်ရှိ ဝင်ဘလေအားကစားကွင်းကို ဇူလိုင် ၂၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပြည်ပအားကစားသတင်းများ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ် ကျင်းပရန် အင်္ဂလန်ဝန်ကြီး လိုလား

လန်ဒန် ဇူလိုင် ၂၁

၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပနိုင်ရေးအတွက် မိမိတို့ ကြိုးပမ်း သွားမည်ဖြစ်ကြောင်းအင်္ဂလန်အားကစား ရေးရာဝန်ကြီး ရစ်ချတ်ကာဘွန်းက သောကြာနေ့တွင် ပြောကြားသည်။

၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ အင်္ဂလန်တွင် လက်ခံကျင်းပခွင့် ရရှိမည်ဟု မိမိယုံကြည်ကြောင်း၊ မိမိ တို့တွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်လောက် သော အားကစားကွင်းများ၊ အထောက် အကူပြု အဆောက်အအုံများနှင့် စီစဉ် ဆောင်ရွက်နိုင်စွမ်းရှိကြောင်း ရစ်ချတ် ကာဘွန်းက ပြောကြားသည်။

၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲအတွက် ၂၀၀၉ခုနှစ်အထိ အိမ်ရှင် အမည်စာရင်း တင်သွင်းနိုင်ခွင့်မရှိပေ။ သို့ရာတွင် ၁၉၆၆ခုနှစ် နောက်ပိုင်းတွင် ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲကို လက်ခံကျင်းပရန် မိမိတို့တွင် အခွင့် အရေးကောင်းရှိသည်ဟု ရစ်ချတ် ကာဘွန်းက ပြောကြားသည်။

အင်တာနက်။

အင်္ဂလန်အားကစား ဝန်ကြီး ရစ်ချတ်ကာဘွန်း။
(ဓာတ်ပုံ-အင်တာနက်)

ရုဒ်ဗန်နစ္စတယ်လ်ရွိုင်းအား ဘေယန်မြူးနစ်က ခေါ်ယူလို

မြူးနစ် ဇူလိုင် ၂၁

စပိန်နိုင်ငံမှ ရီးရဲလ်မဒရစ်ကလပ်အသင်းသည် တိုက်စစ်မှူး ရုဒ်ဗန် နစ္စတယ်လ်ရွိုင်းအား ခေါ်ယူနိုင်ရေးနှင့် ပတ်သက်၍ မန်ချက်စတာယူနိုက်တက် အသင်းနှင့် ဆွေးနွေးညှိနှိုင်းနေမှုမှာ အတန်အသင့် ခရီးပေါက်ရောက်နေပြီ ဖြစ်သော်လည်း အသင်းပြောင်းရွှေ့ကြေးသတ်မှတ်မှုတွင် သဘောကွဲလွဲနေဆဲဖြစ် ကြောင်း ဇူလိုင် ၂၁ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

ကြိုးပမ်းနေ

တိုက်စစ်မှူး ရုဒ်ဗန်နစ္စတယ်လ်ရွိုင်းအား ခေါ်ယူရေးအတွက် စပိန်ကလပ် အသင်းက ပေါင်ငွေ ၁၂သန်း ပေးရန် ကမ်းလှမ်းသော်လည်း မန်ချက်စတာ ယူနိုက်တက်အသင်းက ပေါင်ငွေ ၁၅ သန်း ရရှိရန် ကြိုးပမ်းနေသည်။

ရီးရဲလ်မဒရစ်အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ ဈေးညှိနှိုင်း မရဘဲ ရှိနေစဉ်တွင် ဂျာမနီနိုင်ငံရှိ ချန်ပီယံကလပ်အသင်းဖြစ်သော ဘေယန်မြူးနစ် အသင်းက ရုဒ်ဗန်နစ္စတယ်လ်ရွိုင်းအား ခေါ်ယူရန် ပြင်ဆင်လာသည်။

ပြောကြား

ဘေယန်မြူးနစ်အသင်းက မန်ချက်စတာယူနိုက်တက်အသင်း ရရှိလိုသော အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေ ၁၅သန်းအထိပေးနိုင်ကြောင်း၊ ရုဒ်ဗန် နစ္စတယ်လ်ရွိုင်းကိုယ်တိုင် မိမိတို့အသင်းသို့ ပြောင်းရွှေ့ရန် လိုလားချက်ရှိကြောင်း ဘေယန်မြူးနစ်အသင်းဥက္ကဋ္ဌ ကားလ်ဟိန်းဇ်ရွန်းမန်းနစ်က ပြောကြားသည်။ **အင်တာနက်။**

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

မန္တလေးမြို့ နန်းရှေ့ရပ်နေ ဒေါ်ခင်မြနှင့် ညီမများ (စိန်လွန်းရာကျော် ရက်ကန်းလုပ်ငန်း) မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်သုံးသိန်းကို အလှူရှင်များကိုယ်စား တိ=နိ ရန်ကုန်ဌာန အမှုဆောင် ဒေါ်ခင်သန်းမြင့်က ရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လောကထိပ်ပန် ဗုဒ္ဓခြေတော်ရာ အနေကဇာတင်နှင့် ဆွမ်းစားကျောင်းအတွက် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၉ ရက်က ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းတိုက် အဘိဓဇ ဆွမ်းစားကျောင်း အလယ်ထပ်၌ ကျင်းပရာ မင်းဘူးမြို့က ဦးအေးမောင်–ဒေါ်တင်ညွန့် မိသားစုက ကျပ် ၁၂သိန်းကို လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင် လက်ခံယူစဉ်။ (က-ပ)

နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တကေသဝန္တ ပျံလွန်တော်မူ

ရန်ကုန် ဇူလိုင် ၂၁

နိုင်ငံတော်သြဝါဒါစရိယ မွန်ပြည်နယ် သထုံခရိုင် သထုံမြို့ မဟာနိဗ္ဗိန္ဒတောရကျောင်းတိုက်မှ ပဓာန နာယက သက်တော် (၈၉)နှစ် သိက္ခာတော် (၆၈)ဝါရှိ ဘဒ္ဒန္တကေသဝန္တ မဟာထေရ် ဆရာတော်ကြီးသည် ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ ရက် ဇူလိုင် ၂၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် မဟာနိဗ္ဗိန္ဒတောရကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး ဇူလိုင် ၂၆ ရက်တွင် အန္တိမစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် ကျောင်းအတွက် ဇူလိုင် ၁၇ ရက်က သထုံမြို့ မင်းလမ်းနေ ဦးဝင်းသန်း–ဒေါ်မြင့်မြင့်အုံးမိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌ အရှင်ရာဇိန္ဒက ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

နိုင်ငံတော်သြဝါဒါစရိယ၊ မွန်ပြည်နယ်၊ သထုံခရိုင် သထုံမြို့ မဟာနိဗ္ဗိန္ဒ တောရကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကေသဝန္တ၏ ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန် ဇူလိုင် ၂၁



ဆရာတော် လောင်းလျာသည် မကွေးတိုင်း၊ မကွေးမြို့နယ်၊ အုတ်ကျင်းဒေသ၊ အုတ်ဖိုရွာ၊ ခမည်းတော် ဦးဖိုးစံ၊ မယ်တော် ဒေါ်ဖွားမေတို့မှ ၁၂၈၀ ပြည့်နှစ် နယုန်လဆန်း ၁၁ ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ဆရာတော် လောင်းလျာသည် ၁၂၉၄ ခုနှစ်တွင် ကင်းရွာအနောက်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမာလာကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ၁၂၉၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက်၊ နံနက် ၉ နာရီ ၃၀ မိနစ်အချိန်တွင် မြင်းကင်းကျောင်းခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တသုနန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့်ပင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် မကွေးမြို့၊ မဟာဝိသုတာရာမ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာရဒ၊ ဘဒ္ဒန္တဝါယမ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ ညောင်တုန်းဆရာတော်၊ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တကောဏ္ဍည၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တနာရဒတို့ထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို သင်ယူဆည်းပူးတော်မူခဲ့သည်။

ဆရာတော်ကြီးသည် မကွေးမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်နှင့် သထုံမြို့၊ မဟာနိဗ္ဗိန္ဒတောရ ကျောင်းတိုက်တို့၌ ပါဠိတော် အဋ္ဌကထာ၊ ဋီကာများကို ပို့ချတော်မူ၍ ဂဏဝါစက စာချအဖြစ်ဖြင့်လည်းကောင်း၊ ဆဋ္ဌသံဂီတိကာရက ဓမ္မသင်္ဂဇာဘဏက ပါဠိဝိသောဓကအဖြစ်လည်းကောင်း၊ သထုံမြို့၊ သုဝဏ္ဏဘူမိပရိယတ္တိအသင်း၏ နာယကအဖွဲ့ဥက္ကဋ္ဌအဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော် သြဝါဒါစရိယအဖြစ်ဖြင့် လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော် (၈၉)နှစ် သိက္ခာတော် (၆၈)ဝါအရ ၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ၂၀-၇-၂၀၀၆ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီအချိန်တွင် သီတင်းသုံးတော်မူရာ မဟာနိဗ္ဗိန္ဒတောရကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး ၁၃၆၈ ခုနှစ် ဝါခေါင်လဆန်း ၂ ရက် ၂၆-၇-၂၀၀၆ (ဗုဒ္ဓဟူးနေ့)တွင် အန္တိမစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၂၁

၁၃၆၈ခုနှစ် ဝါဆိုလကွယ် ဇူလိုင် ၂၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ဦးစီးပဓာန နာယက၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)က လည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် အဂ္ဂ မဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဇေယျဝတီတိုင်း ဝါးခယ်မမြို့နယ် ကျွန်းကုန်း ဇေယျဝတီ အနောက်ကျောင်းတိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တပဏ္ဏဝံသက လည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်း (ကျိုက်ဝိုင်း) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါက်တာခင်မာအေးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါက်တာခင်မာအေးက **"လုံခြုံစိတ်ချမိခင်ဘဝ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ဝင် ဒေါက်တာ ဒေါ်ခင်သက်မြိုင်က **"ဆယ်ကျော်သက်အရွယ် မျိုးဆက်ပွားကျန်းမာရေး"** ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟောပြော

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါက်တာခင်မာအေး ကျန်းမာရေး အသိပညာပေး ဟောပြောစဉ်။ (ကျန်းမာရေး)

ဝိဇာတမင်္ဂလာနှင့် ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာတောင်တော်ဦးကျောင်းတိုက် သုံးထပ်ကျောင်းတော်ကြီးတွင် ဆရာတော် ဘဒ္ဒန္တသုဇန၏ သက်တော် (၆၄)နှစ်ပြည့် ဝိဇာတအလှူတော်မင်္ဂလာအခမ်း အနားနှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညို ကုသိုလ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ာန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့က ကြီးမှူး၍ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်က သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားသို့ ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ အသင်းဝင် ကျောင်းသူ၊ ကျောင်းသားများ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်၍ ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** (၅၀၆)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၅လမ်း ပုသိမ်ညွန့်နေ ကွယ်လွန်သူ ဦးမောင်မောင်–ဒေါ်စိန်လှိုင် (ဖျာပုံ) တို့အား ရည်စူး၍ သားသမီးတစ်စုက အလှူငွေကျပ် တစ်သိန်းကို ဖြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿန လမ်း (၁၆/၂)ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်) သို့ လှူဒါန်းရာ အမှုဆောင် ဦးကြည်သိန်း လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ မေတ္တာအခါတော်နေ့ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ သက်လွှတ်ပွဲနှင့် မေတ္တာပို့ရွတ်ဆိုပူဇော်ပွဲကို (၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်) ၈-၈-၂၀၀၆ (အင်္ဂါနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း ပါဝင်ဆင်နွှဲလှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သစ္စာရွှေဂူ ဆရာတော် ဝါတွင်းဝါပ တရားအလှူပွဲ

ရန်ကုန် ဇူလိုင် ၂၁

ဒဂုံမြို့သစ် (မြောက်ပိုင်း) (၄၆)ရပ်ကွက် အောင်ဓမ္မရိပ်သာကျောင်းတိုက် ဦးစီးနာယက နိုင်ငံတော် သံဃသမ္မုတ္တိ၊ မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တ တေဇနိယ ဉာဏဓမ္မကထိက ဗဟုဇနဟိတရေ သစ္စာရွှေဂူ ဆရာတော် ဝါတွင်းဝါပ တရားပွဲများကို အဆိုပါကျောင်းတိုက်၌ ဥပုသ်နေ့များတွင်လည်းကောင်း၊ ဆူးလေစေတီတော် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ တနင်္ဂနွေနေ့ ညနေ ၅ နာရီမှ ၆ နာရီအထိလည်းကောင်း၊ တောင်ဥက္ကလာပ (၁၃)ရပ်ကွက် မိဂဒါဝုန်ဓမ္မာရုံတွင် သောကြာနေ့ ည ၇ နာရီမှ ၉ နာရီအထိလည်းကောင်း၊ သဃ်န်းကျွန်း ကျိုက္ကစံဘုရား ဓမ္မရက္ခိတ သာသနာ့ဗိမာန်ဓမ္မာရုံတွင် မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိလည်းကောင်း၊ သဃ်န်းကျွန်း (င/က) ရပ်ကွက် မဟာအောင်မြေ ရွှေဂူတိုက် ဓမ္မဘဏ္ဍာဓမ္မာရုံတွင် ဝါဆိုလကွယ်၊ ဝါခေါင်လကွယ်၊ တော်သလင်းလကွယ်နေ့များတွင် ညနေ ၄ နာရီမှ ၅ နာရီခွဲအထိလည်းကောင်း တရားအလှူပေးမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သွေးဆေးကန် အရှင်နန္ဒာစရိယ တရားပွဲ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သာသနာပြု နယ်လှည့်ဓမ္မကထိက သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) (သာသနဓဇ ဓမ္မာစရိယ၊ ဂဏ ဝါစကဓမ္မာစရိယ)သည် (ဝါဆိုလကွယ်နေ့) ၂၄-၇-၂၀၀၆ ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အောင်မြေလူထုဓမ္မာရုံ၌ မွန်းလွဲ ၂ နာရီတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာတရားများကို ဟောကြားမည်ဖြစ်ရာ လာရောက် တရားနာကြားနိုင်ကြောင်း ဖိတ်ကြားထားသည်။

(က-ပ)

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြန်မာကျောင်း တိုးချဲ့မြေဝယ်ယူရန် ငွေလှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာ ကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် ဒေါ်လှကြည် (၇၄)နှစ် မွေးနေ့ အထိမ်းအမှတ် အဖြစ် ဦးရန်နောင်စိုး-ဒေါ်စိမ်းမို့မို့စိုး၊ ဦးထွေးထိုက်စိုး ကမ်းနားလမ်း ဗိုလ်တထောင်မှ အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် အရှင်ကုသလ (M.A) ထံ ဇွန် ၂၉ ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘများအား အမျှးထား၍ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်းနေ ဦးနိုင်လင်း-ဒေါ်တင်တင်မြတ်၊ သမီး မြတ်ပုလဲသွယ် မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကျောင်းလမ်းနှင့် အောင်တော်မူ လမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင် ဆရာတော် အရှင်ကုသလ (M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၅) ရပ်ကွက်၊ ကန်သာယာ (၁)လမ်းနေ ကွယ်လွန်သူ မိဘများအား ရည်စူး၍ ဒေါ်မြင့်မြင့်သီနှင့် မောင်နှမတစ်စုက ငွေကျပ် ၁၅၀၀၀၀ ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် စိန်ရတနာ နာရေးကူညီမှုအသင်း ဩဝါဒါစရိယ ဆရာတော် အောင်ဆန်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ တောရတပ်ဦးကျောင်း တိုက် ပဓာန နာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရနှင့် တပည့် ယောဂီ ဒါယကာ၊ ဒါယိကာမတို့က အင်းစိန်မြို့နယ် စိန်ရတနာ နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ် ကိုးသိန်း လှူဒါန်းရာ အသင်းနာယက ဦးလှကြီးနှင့် အမှုဆောင်များက လက်ခံရယူစဉ်။ (က-ပ)

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ပြည်သူ့ထံမှပေးစာ

အမှိုက်ပုံများ ပုံမှန်သိမ်းပေးစေလို

စာတည်းရှင့်-

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၉)ရပ်ကွက် ဗန္ဓုလလမ်းတစ်လျှောက်ရှိ အမှိုက်ပုံများ လာရောက်သိမ်းဆည်းခြင်း မရှိသည့်အတွက် ပတ်ဝန်းကျင်တွင် နေထိုင်သူများ၊ စားသောက်ဆိုင်များနှင့် လမ်းသွားလမ်းလာများအတွက် ကျန်းမာရေး ထိခိုက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှိုက်ပုံများအား ပုံမှန်သိမ်းဆည်းရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဗန္ဓုလလမ်းသူများ

ကျန်းမာရေးအတွက် အနံ့ဆိုးများ ကင်းရှင်းစေချင်

စာတည်းခင်ဗျား-

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုဒေါင်းဇရပ် မော်လမြိုင်-ကျိုက္ခမီ လမ်းမပေါ်ရှိ မွေးမြူရေး ကြက်စာလုပ်ငန်းတစ်ခုသည် စက်မှုဇုန်တွင် လုပ်ကိုင်ခြင်းမရှိဘဲ ရပ်ကွက်အတွင်းရှိနေပါသဖြင့် ပတ်ဝန်းကျင်တွင် အနံ့အသက်ဆိုးများ၊ ယင်ကောင်များကြောင့် ရပ်ကွက်အတွင်းရှိ ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသဖြင့် အဆိုပါလုပ်ငန်းအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး

သားရေစိမ်းအနံ့ဆိုး မခံနိုင်

စာတည်းရှင့်-

မကွေးတိုင်း စလင်းမြို့ ပေါင်းပင်ဇင်းရပ်ကွက် နရပတိစည်သူလမ်းနှင့် မာန်အောင်လမ်းထိပ်အနီးတွင် သားရေစိမ်းလုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ရေဆိုးများ၊ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်နေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အလုံမြို့နယ် စောရန်ပိုင်အရှေ့နှင့် စောရန်ပိုင်အနောက်ရပ်ကွက်ရှိ ဝေဘာဂီလမ်းတွင် ခွေးလေခွေးလွင့်များပေါများလျက်ရှိပြီး လမ်းသွားလမ်းလာများ မကြာခဏ ခွေးကိုက်ခံကြရပါသည်။

သို့ဖြစ်ပါ၍ ခွေးလေခွေးလွင့်များအား အမြန်ဆုံးရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ခွေးကိုက်ခံရသူ

အိမ်သုံးမီတာဖြင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီး တောင်ရပ်ကွက် အပိုင်း ၁၀၊ ၁၁ လမ်းသွယ်မှ အိမ်တစ်အိမ်သည် အိမ်သုံးမီတာဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေပါသဖြင့် လျှပ်စစ်ဓာတ်အားများ အတက်အကျ ဖြစ်ပေါ်နေပါသည်။

အထူးသဖြင့် ညနေပိုင်းများတွင် အဆိုးရွားဆုံးဖြစ်နေပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ငါးထပ်ကြီးသား

ကျူးကျော်ဈေးဆိုင်များ အရေးယူပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၇) ရပ်ကွက် သီရိဇေယျာလမ်းနှင့် ရာဇာဓိရာဇ်လမ်းအဝင်တွင် လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်၊ မုန့်ဆိုင်များ အခိုင်အမာ ဆောက်လုပ်ရောင်းချလျက်ရှိရာ လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်ကြရပါသည်။ **(အပေါ်ပုံ)**

သို့ဖြစ်ပါ၍ လမ်းမပေါ်အထိ ကျူးကျော်ဈေး ရောင်းချနေမှုအား စည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

သန်လျင်မြို့မ ဈေးအိမ်သာ ပြုပြင်ပေးပါ

စာတည်းရှင့်-

သန်လျင်မြို့မ ဈေးကြီးရှိ အမျိုးသမီးသုံး ဈေးအိမ်သာမှာ အမိုးများမလုံခြင်း၊ သန့်ရှင်းမှုမရှိခြင်း၊ အချို့အိမ်သာများ တံခါးဂျက်မရှိခြင်း၊ တစ်ခါတစ်ရံ ရေမရရှိခြင်းတို့နှင့် ကြုံတွေ့ကြရပါသည်။

သို့ပါ၍ အများသုံးအိမ်သာအား သန့်ရှင်းမှုရှိစေရေး စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သန်လျင်ဈေးသူများ

စားသောက်ဆိုင်မှ အညှော်နံ့ဆောင်ရွက်ပေးပြီး

၁-၇-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပြည်မြို့ ရန်ကုန်-ပြည်လမ်း မီးရထားတိုက်ခန်းရှိ အသားစိမ်းများ မီးကင်ရောင်းချသော စားသောက်ဆိုင်မှ အညှော်နံ့မခံနိုင် ပေးစာနှင့် စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ လိုက်နာစေရေး ဆောင်ရွက်ပေးပြီးကြောင်းဖော်ပြပါသည်။ **မြို့နယ်စည်ပင်**

ကျူးကျော်တဲများ ဖယ်ရှားပေးပါ

စာတည်းရှင့်-

မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ပိတောက်(၁၀)လမ်းတွင် ကျူးကျော် တဲအိမ်များ ဆောက်လုပ်နေထိုင်ပြီး နေ့စဉ်ဆူညံမှုများ ပြုလုပ်နေပါသဖြင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ပိတောက်လမ်းသူ

လဲချားမြို့ မဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဖူးမြော်ကြည်ညို ကုန်းနှင်ကျောင်းတိုက် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများဆက်ကပ်

နေပြည်တော် ဇူလိုင် ၂၁

ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ တပ်မတော် အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၅ ရက်နံနက်ပိုင်းတွင် လဲချားမြို့၏ ကျက်သရေဆောင် မဟာမြတ်မုနိ ဘုရားကြီးသို့ရောက်ရှိရာ ဘုရားကြီးဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း လဲချားမြို့ ကုန်းနှင်ကျောင်းတိုက် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့မိုးလေဝသ

၂၂-၇-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

အခွန်လွတ်ဈေးများ ဖွင့်လှစ်ရောင်းချသည့်ရည်ရွယ်ချက် မပျောက်ပျက်ရန်ထိန်းသိမ်း သန့်ရှင်းလတ်ဆတ်သည့် သား၊ ငါး၊ ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာ ရောင်းချ

ရန်ကုန် ဇူလိုင် ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြိုဆို

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၃၈)ရပ်ကွက် ရာဇာဓိရာဇ်လမ်းနှင့် မင်းရဲကျော်စွာလမ်းကြားရှိ ဒဂုံမြို့သစ် (မြောက်ပိုင်း) ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၆ ကော်လံ ၃ သို့ ✳

NLD ပါတီအပေါ် စိတ်ပါဝင်စားမှုမရှိ ပါတီတာဝန်များ ဆက်လက်မဆောင်ရွက်လို ရေဦးမြို့နယ် NLD ပါတီဝင်နှစ်ဦး နုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၁

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မန်ကျည်းတောကျေးရွာအုပ်စု ရပ်/ကျေးဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ရပ်/ကျေးအတွင်းရေးမှူး ဦးဝင်းအောင်တို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ဇွန် ၂၆ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် NLD ပါတီအပေါ် စိတ်ပါဝင်စားမှု မရှိခြင်း၊ ပါတီတာဝန်များကိုလည်း ဆက်လက်ဆောင်ရွက်လိုမှု မရှိခြင်းတို့ကြောင့် NLD ပါတီဝင်အဖြစ်မှလည်းကောင်း၊ ပါတီ၏တာဝန်များမှလည်းကောင်း ၎င်းတို့၏သဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၃၁ ဦးတို့သည်လည်း ဇွန်လအတွင်းတွင် နုတ်ထွက်ခဲ့ကြပြီးဖြစ်သဖြင့် ရေဦးမြို့နယ် NLD ပါတီဝင် ၃၃ ဦးတို့ နုတ်ထွက်ခဲ့ကြပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကင်းမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)